United Nations Population Fund

## ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ ဦးတည်ချက်

အမျိုးသမီး၊ အမျိုးသားနှင့် ကလေးသူငယ်တိုင်း ကျန်းမာဖွံ့ဖြိုးသော ဘ၀ကို ညီတူညီမျှ ရရှိခံစားနိုင်စေရန် အလေးထားဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် ဆင်းရဲချို့တဲ့မှုများလျော့နည်းစေရေး၊ မလိုလားအပ်သော ကိုယ်ဝန်ဆောင်ရခြင်းမှ ကင်းဝေးစေရေး၊ အန္တရာယ်ကင်းစွာမွေးဖွားနိုင်ရေး၊ လူတိုင်း အိတ်ချ်အိုင်ဗီကူးစက်မှုမှ ကင်းဝေးရေးနှင့် အမျိုးသမီးတိုင်းဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရေးတို့အတွက် လိုအပ်သော လူဦးရေဆိုင်ရာ ကိန်းဂဏန်းအချက်အလက်များကို စနစ်တကျ အသုံးပြုနိုင်ရန် အဖွဲ့ဝင်နိုင်ငံများကိုကူညီပံ့ပိုးနေပါသည်။

# ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ သတင်းလွှာ ၂၀၁၂

## ဥယျောဇဉ်

၂၀၁၂-ခုနှစ်သည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ မြန်မာနိုင်ငံရုံးအတွက် စိတ်လှုပ်ရှားဖွယ်ရာဖြစ်ပြီး၊ မြန်မာနိုင်ငံအတွက် တတိယစီမံချက် အထောက်အကူပြုလုပ်ငန်း စတင်သည့်အချိန်ကာလပင် ဖြစ်သည်။ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ ဒေသစီမံကိန်း (Country Programme) ၂၀၁၂-၂၀၁၅ ကိုမျိုးဆက်ပွားကျန်းမာရေး၊ လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျား-မ တန်းတူညီမျှရေးလုပ်ငန်းများတွင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုလိုအပ်ချက်များ ပြည့်မီရေးနှင့် ထောင်စုနှစ်ကြေညာစာတမ်းပါ ရည်မှန်းချက်ပန်းတိုင်များနှင့် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုညီလာခံကြီး ICPD ၏ဆောင်ရွက်မှုလုပ်ငန်းစဉ်များတွင် ဖော်ပြပါရှိသည့် မျှော်မှန်းချက်များ အောင်မြင်ရေးကိုရှေးရှုပြီး နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များနှင့် တစ်ပြေးညီဖြစ်စေရေးအတွက် နည်းစနစ်များကို အသေးစိတ်စီစဉ်ဆောင်ရွက်ထားရှိပါသည်။ ပြီးခဲ့သည့် စီမံချက်အထောက်အကူပြုလုပ်ငန်းများ၏ ကောင်းမွန်သည့်လုပ်ဆောင်ချက်များနှင့်အတွေ့အကြုံများ၊ သင်ခန်းစာများအပေါ် အခြေခံ၍ ဒေသစီမံကိန်းကြီးကို ဖွဲ့စည်းတည်ဆောက်ထားသည်။ သို့မှသာ ကြိုးပမ်းအားထုတ်မှုအားလုံးသည် မဟာဗျူဟာမြောက်ခြင်း၊ ရလာဒ်ကိုအလေးပေးခြင်း၊ လူ့အခွင့်အရေးကို အခြေပြုသည့် ချဉ်းကပ်နည်းများကို ရွေးချယ်လက်ခံခြင်းဖြင့် တရားမျှတမှုကိုမြှင့်တင်ရန်ရည်ရွယ်ခြင်းများ ရရှိဖြစ်ပေါ်လာနိုင်မည်ဖြစ်သည်။

တတိယစီမံချက်အထောက်အကူပြုလုပ်ငန်း (Third Programme of Assistance)၏ အဓိကရည်ရွယ်ချက်မှာ-နိုင်ငံနှင့် အဝှမ်းစွမ်းဆောင်ရည်များတိုးမြှင့်လာစေရန် (က) ယောက်ျားများ၊ မိန်းမများ၊ လူငယ်ထုနှင့် အန္တရာယ်ပိုမိုဖြစ်လွယ်နိုင်သောလူအုပ်စုများအတွင်း၊ အိပ်ချ်အိုင်ဗွီကာကွယ်ရေးလုပ်ငန်းများအပါအဝင် အရည်အသွေးမြင့် မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုများ လက်လှမ်းမီရရှိရေးကို တိုးမြှင့်ဆောင်ရွက်သွားရန်၊ (ခ) လူဦးရေ၊ မျိုးဆက်ပွားကျန်းမာရေးနှင့် ကျား-မ လူမှုဆိုင်ရာ ကွဲလွဲနေသည့် အရေးကြီးသည့် အချက်အလက်များရရှိရေးကို တိုးမြှင့်ဆောင်ရွက်သွားရန်၊ (ဂ) ကျား-မ သာတူညီမျှရှိရေးနှင့် အမျိုးသမီးများဘဝမြှင့်တင်ရေးကိုတိုးမြှင့်ဆောင်ရွက်သွားရန်တို့ ဖြစ်ကြသည်။

ယခုနှစ်အတွင်း တွေ့ကြုံခဲ့ရသည့် ဖြစ်ရပ်များအနက် မှတ်သားဖွယ်ရာအကောင်းဆုံး ဖြစ်ရပ်(၂) ခုမှာ-လာမည့် ၂၀၁၄-ခုနှစ် လူဦးရေနှင့်အိုးအိမ်အကြောင်းအရာ စာရင်းများကောက်ယူရန် ကုလသမဂ္ဂနှင့်နိုင်ငံတော်အစိုးရကြား စာချွန်လွှာလဲလှယ်သည့် အခမ်းအနားကို ဦးဆောင်ခဲ့သည့် ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန် လာရောက်ခဲ့သည့်ခရီးစဉ်နှင့်၊ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့၏ အမှုဆောင်ဒါရိုက်တာ ဒေါက်တာဘာဘာတွန်ဒေးအိုဆိုတီမေဟောင် လာရောက်ခဲ့သည့် ခရီးစဉ်ပင်ဖြစ်သည်။ ခရီးစဉ်အတွင်း သူသည် နိုင်ငံတွင်းလက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းစဉ်များ ပြန်လည်ပြုပြင်မွမ်းမံရေးအတွက် ညှိနှိုင်းဆွေးနွေးရန်နှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ အမျိုးသားအဆင့် ဦးစားပေးလုပ်ငန်းများအတွက် ဆက်လက်ပံ့ပိုးရေးကို ထပ်လောင်းအတည်ပြုနိုင်ရန် လာရောက်ခြင်းဖြစ်သည်။ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ ဒေသစီမံကိန်းအသစ်အပေါ် ပိုမိုအလေးထား အာရုံပြုလာစေရန်နှင့် နိုင်ငံတော်အတွင်းရှိ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်နေကြသည့် မိတ်ဖက်အဖွဲ့အစည်းများအတွင်း ပူးပေါင်းဆောင်ရွက်ရေး လိုအပ်ချက်များအတွက် လာရောက်ကြသည့် အဆင့်မြင့်ပုဂ္ဂိုလ်ကြီးများ၏ ခရီးစဉ်သည် အလွန်ထူးခြားသည့် ခရီးစဉ်ပင်ဖြစ်သည်။

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ လုပ်ငန်းနယ်ပယ်များဖြစ်သည့် မျိုးဆက်ပွားကျန်းမာရေး၊ လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျား-မသာတူညီမျှမှုရှိရေးလုပ်ငန်းများတွင် စိတ်ဝင်စားဖွယ်ရာကောင်းသည့် ဆောင်ရွက်ချက်မြောက်များစွာ ပေါ်ပေါက်ဖြစ်ထွန်းလျက်ရှိကြောင်းကို ယခုနှစ်ထုတ်ဝေသည့် သတင်းလွှာတွင် အသေးစိတ်လေ့လာဖတ်ရှုနိုင်ပါသည်။ အဆိုပါ ဆောင်ရွက်ချက်များသည် ၅-နှစ်စီမံကိန်းကြီး လုပ်ငန်းစတင်သည်နှင့် မြန်မာနိုင်ငံ၏အားနည်းချက်အများစုအတွက် လိုအပ်ချက်များ ပြည့်မီနိုင်စေရန် အကူအညီရယူရမည်ဖြစ်ကြောင်း ဖော်ပြလျက်ရှိနေသည်။ ၂၀၁၄ခုနှစ် မြန်မာနိုင်ငံလူဦးရေနှင့်အိုးအိမ်အကြောင်းအရာ စာရင်းကောက်ယူရေးအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ မြောက်များစွာရှိနေကြောင်းကို မီးမောင်းထိုးပြလျက် ရှိနေပါသည်။ အစိုးရနှင့် အခြားအမျိုးသားအဆင့်ဆက်စပ်အဖွဲ့အစည်းများ၏ ကြိုးပမ်းအားထုတ်မှုအတွက် ပံ့ပိုးကူညီမှုများသည် အလွန်အရေးပါပြီး မြန်မာ့လူဦးရေအတွက် နောက်ဆုံးရ အချက်အလက်များ မှန်ကန်တိကျမှု ရလိုသည့်သဘောထားများကိုလည်း ထင်ဟပ်စေပါသည်။ ၂၀၁၃-ခုနှစ် နှစ်လယ်တွင် စမ်းသပ်သန်းခေါင် စာရင်းကောက်ယူရေးနှင့် ဆက်လက်ဆောင်ရွက်ရမည့် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများအတွက် နည်းပညာ ကျွမ်းကျင်မှုနှင့် ရန်ပုံငွေပံ့ပိုးမှုများလည်း ပိုမိုရရှိလာလိမ့်မည်ဟု မျှော်လင့်မိပါသည်။

ကုလသမဂ္ဂထောင်စုနှစ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက် ကြီးကြပ်ကွပ်ကဲခြင်း နှင့်ဆန်းစစ်ခြင်းအဖွဲ့နှင့် ကျား-မ အကြောင်းအရာဆိုင်ရာအဖွဲ့များကို ဦးဆောင်သည့် ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့သည် ကုလသမဂ္ဂရှိ အလားတူအဖွဲ့အစည်းများ၊ အစိုးရနှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အတူ ၂၀၁၃-ခုနှစ်၊ နှစ်လယ်တွင်ဆောင်ရွက်မည့် ထောင်စုနှစ်ဖွံ့ဖြိုးမှုရည်မှန်းချက်များအပေါ် လေ့လာအကဲဖြတ်ဆန်းစစ်သည့် အစီရင်ခံစာနှင့် ကျား-မဆိုင်ရာ ပကတိအခြေအနေများ အသေးစိတ်ခွဲခြမ်းလေ့လာခြင်းများတွင် တိုးမြှင့်ကာပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့အနေဖြင့် ၂၀၁၃-ခုနှစ်တွင် ဒေသစီမံကိန်းအသစ်ကြီးကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ရည်မှန်းချက်များရရှိအောင် မြင်ရေးအတွက် ပံ့ပိုးနိုင်ရန် အစိုးရနှင့်နိုင်ငံ တကာမိတ်ဖက်အဖွဲ့အစည်းများ အနီးကပ်ပူးပေါင်းလုပ်ဆောင်ရေးကို ရှေးရှုမျှော်လင့်မိပါသည်။ မြန်မာနိုင်ငံ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် စိန်ခေါ်မှုများကို အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်းဖြင့်သာ ထိရောက်စွာကိုင်တွယ်ဖြေရှင်းနိုင်လိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်မိပါသည်။ သို့အတွက် အစိုးရ၊ အရပ်ဖက်လူမှုအဖွဲ့ အစည်းများမှ လုပ်ဖော်ကိုင်ဖက်များနှင့် စေတနာရှင်ပြည်သူလူထု၏ စဉ်ဆက်မပြတ် ကူညီပံ့ပိုးမှုနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းများအတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။

မိုဟာမက် အဗ္ဗယ်ဒလ်အာဟတ်
ဌာနေကိုယ်စားလှယ်-ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့

## ၂၀၁၄ခုနှစ်သန်းခေါင်စာရင်းကောက်ယူရေးအတွက် ဗဟိုသန်းခေါင်စာရင်းကော်မရှင် ကြိုတင်ပြင်ဆင်

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး ကြိုတင်ပြင်ဆင်မှုဆိုင်ရာလုပ်ငန်းများနှင့် ပတ်သက်၍ ညှိနှိုင်းဆွေးနွေးရန် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုသန်းခေါင် စာရင်းကော်မရှင်၏ တတိယအကြိမ်အစည်းအဝေးကို ၂၀၁၂-ခုနှစ် အောက်တိုဘာလ(၁၀)ရက်နေ့က ကျင်းပပြုလုပ်ခဲ့ပါသည်။

ဗဟိုသန်းခေါင်စာရင်းကော်မရှင်နာယက ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာတွင် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကြီးကို နိုင်ငံတော်၏ ဦးစားပေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်သွားကြရန် ဆက်စပ်အဖွဲ့အစည်းများအားလုံးကို တိုက်တွန်းပြောကြားခဲ့ပါသည်။ ဗဟိုသန်းခေါင်စာရင်း ကော်မရှင်ဥက္ကဋ္ဌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက သန်းခေါင်စာရင်းကောက်ယူရေးတွင် မြန်မာနိုင်ငံအနေနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာ အသိအမှတ်ပြုစံနှုန်းများနှင့်အညီဖြစ်စေရန် နည်းပညာကျွမ်းကျင်မှုဆိုင်ရာ အကူအညီများ ပံ့ပိုးပေးရေးအတွက် ထပ်လောင်းပြောဆိုသွားပါသည်။

စာမျက်နှာ(၂)သို့ »



ဒုတိယသမ္မတနှင့် ဗဟိုသန်းကောင်စာရင်းကော်မရှင်နာယက ဒေါက်တာစိုင်းမောက်ခမ်း
၂၀၁၄ - ခုနှစ်တွင်ပြုလုပ်မည့် လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးပြင်ဆင်ဆောင်ရွက်မှုများကို
၂၀၁၂ - ခုနှစ် အောက်တိုဘာလ၁၀ရက်နေ့က ကြည့်ရှုစစ်ဆေးစဉ်။

စာမျက်နှာ(၁)မှ

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် မစ္စတာမိုဟာမက်အဗ္ဗဒယ်လ်အာဟတ်က သန်းခေါင်စာရင်းကောက်ယူရန် လုပ်ငန်းအဆင့်ဆင့်များဖြစ်သည့် မေးခွန်းပုံစံများပြင်ဆင်ခြင်း၊ ကောက်ယူရရှိသည့်အချက်အလက်များ တွက်ချက်သည့်နည်းပညာရပ်များ၊ စာရင်းကောက်ယူရန်မြေပုံရေးဆွဲခြင်းနှင့် ကောက်ကွက်များ ပြုစုခြင်းတို့အပြင် သန်းခေါင်စာရင်းနှင့်ပတ်သက်၍ အချက်အလက်များကို အများပြည်သူအား အသိပေးထုတ်ပြန်ကြေညာခြင်း၊ ဆက်သွယ်ပညာပေးခြင်းများအတွက် အစီအစဉ်များရေးဆွဲရာတွင် နည်းပညာနှင့်ကျွမ်းကျင်မှု အကူအညီများ ပံ့ပိုးပေးလျက်ရှိကြောင်း ပြောကြားသွားသည်။ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့အနေဖြင့် သန်းခေါင်စာရင်းကောက်ယူရေး၊ အသိပညာ လွှဲပြောင်းပေးရေး၊ အရည်အသွေး ပြည့်မီရေးအတွက် ကြီးကြပ်ကွပ်ကဲသည့်စနစ် ခိုင်မာစေရေးတို့ကို နိုင်ငံတကာစံနှုန်းများနှင့် ကိုက်ညီစေရေးတို့အတွက် သန်းခေါင်စာရင်းပညာရပ်ဆိုင်ရာ အကြံပေးအရာရှိချုပ်ကိုလည်းခန့်အပ်ခဲ့ပါသည်။

သန်းခေါင်စာရင်းကောက်ယူရေးအတွက် စွမ်းအားအရင်းမြစ်များနှင့်ပတ်သက်၍ မစ္စတာမိုဟာမက်အဗ္ဗဒယ်လ်အာဟတ်က လူ့စွမ်းအားအရင်းအမြစ်များ၊ အရည်အသွေးမြှင့်တင်ရေးလုပ်ငန်းများတွင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ အခန်းကဏ္ဍကို အလေးထားပြောကြားသွားပါသည်။ သန်းခေါင်စာရင်းလုပ်ငန်းတွင် အားစိုက်လုပ်ဆောင်ကြရမည့် နိုင်ငံ့ ဝန်ထမ်းများအတွက် လိုအပ်သည့်အလုပ်ခွင်သင်တန်းများ၊ နည်းပညာပံ့ပိုးကူညီပေးရေးနှင့် လေ့လာရေးခရီးစဉ်များကိုလည်း စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

ရန်ပုံငွေရရှိရေးနှင့်ပတ်သက်၍ မစ္စတာမိုဟာမက်အဗ္ဗဒယ်လ်အာဟတ်က သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် ကြိုတင်ပြင်ဆင်ထားရှိမှုများမှာ အစီအစဉ်တကျရှိကြောင်းနှင့် ရန်ပုံငွေကြေးအနေနှင့် အမေရိကန်ဒေါ်လာ ၃၈. ၅ သန်း လိုအပ်လျက်ရှိနေသေးကြောင်း သုံးသပ်တင်ပြသွားပါသည်။ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက နိုင်ငံတကာဖွံ့ဖြိုး တိုးတက်ရေးမိတ်ဖက်အဖွဲ့အစည်းများအား သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးအတွက် ဦးစားပေးလုပ်ငန်းအနေဖြင့် ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်သွားကြရန် နိဂုံးချုပ်စကားတွင် တိုက်တွန်းပြောကြားသွားပါသည်။

ဗဟိုသန်းခေါင်စာရင်းကော်မရှင်သည် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် အမြင့်ဆုံးသောအဖွဲ့အစည်းဖြစ်သည်။ အခြားသော ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့အစည်းများတွင် သန်းခေါင်စာရင်းဆိုင်ရာကျွမ်းကျင်မှုကော်မတီ၊ အကြံပေးကော်မတီနှင့် ဘဏ္ဍာရေးကော်မတီများ ပါဝင်သည်။ သန်းခေါင်စာရင်းကောက်ယူရေးနှင့် ပတ်သက်၍ ထင်ရှားသည့်ကျွမ်းကျင်သူများပါဝင်သော နည်းပညာအကြံပေးအဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ရန်နှင့် အခြားဆက်နွယ်နေသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ သန်းခေါင်စာရင်း ကောက်ယူရေးသမိုင်းမှတ်တိုင်စိုက်ထူရာတွင် ပါဝင်လာနိုင်စေရန် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏အကြံပြုချက်ကို ပြည်ထောင်စုအစိုးရအဖွဲ့မှ သဘောတူလက်ခံခဲ့ပါသည်။

စမ်းသပ်သန်းခေါင်စာရင်းကောက်ယူခြင်းကို ၂၀၁၃ ခုနှစ် မတ်လ ၃၀ ရက် နေ့မှ ဧပြီလ ၁၀ ရက်နေ့အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းကြီးကို ၂၀၁၄-ခုနှစ်တွင် ဖော်ပြပါအချိန်ကာလအတိုင်း ဆောင်ရွက်သွားမည်ဖြစ်သည်။ ရှေ့ပြေးသန်းခေါင်စာရင်းရလာဒ်များကို ၂၀၁၄-ခုနှစ် ဇူလိုင်လတွင် ထုတ်ပြန်နိုင်ရန်နှင့် အပြီးသတ်စာရင်းကိုမူ ၂၀၁၅-ခုနှစ် အစောပိုင်းကာလတွင် ထုတ်ပြန်ကြေညာနိုင်ရန် ရည်မှန်းထားသည်။ ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းအတွက် ဘဏ္ဍာငွေ အမေရိကန်ဒေါ်လာ ၅၈. ၅ သန်း ခန့်မှန်းထားပြီး အစိုးရနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့မှ ဒေါ်လာ သန်း ၂၀ ထည့်ဝင်ကြမည်ဖြစ်ကာ ရန်ပုံငွေ ဒေါ်လာ ၃၈. ၅ သန်းမှာ လိုအပ်လျက်ရှိနေသေးပါသည်။

# ရပ်ရွာပညာပဒေသာဌာနများက ကျား–မတန်းတူညီမျှရေးအတွက် နည်းလမ်းမျိုးစုံဖြင့် တိုးမြှင့်ဆောင်ရွက်ခြင်း

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် ကုလသမဂ္ဂ ပညာရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာအဖွဲ့ (UNESCO)တို့ ပူးပေါင်း၍ ကနဦးစမ်းသပ်သည့်အနေဖြင့် ဆန်းသစ်သည့်နည်းလမ်းပေါင်းစုံဖြင့် လူထုအဆောက်အအုံအတွင်း ကျား-မတန်းတူညီမျှရေးနှင့် အမျိုးသမီးများဘဝတိုးတက်မြှင့်တင်ရေးအတွက် ရပ်ရွာပညာပဒေသာဌာန Community Learning Centres (CLCs) များကို ပြန်လည်သက်ဝင်လှုပ်ရှားစေရန် ကြိုးပမ်းဆောင် ရွက်လျက်ရှိသည်။ ရှေးပြေးစီမံချက်လုပ်ငန်းကို သန်လျင်မြို့နယ် သူဌေးကွင်းနှင့် ကရင်ဆိပ်ကျေးရွာ၊ တွံ့တေးမြို့နယ် ပျော်ဘွယ်လေးကျေးရွာနှင့် ရွှေပြည်သာမြို့နယ်များတွင် François-Xavier Bagnoud FXB Myanmar အဖွဲ့အစည်းက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ယခုအခါတွင် ရပ်ရွာပညာပဒေသာဌာနများသည် လေ့ကျင့်သင်ကြားပေးထားသည့် သက်ရွယ်ဆင့်တူပညာပေးသူများဖြင့် လုပ်ငန်းများကို အပြည့်အဝ လက်တွေ့ဆောင်ရွက်လျက်ရှိသည်။ သက်ရွယ်ဆင့်တူ ပညာပေးသူများသည် ပြည်သူလူထုအတွင်း မျိုးဆက်ပွားကျန်းမာရေး၊ အိပ်ချ်အိုင်ဗွီ-အေအိုင်ဒီအက်စ်ရောဂါ ကာကွယ်တားဆီးရေး၊ ကျား-မတန်းတူညီမျှရေးနှင့် အခြားကျန်းမာရေးဆိုင်ရာပြဿနာများကို လူထုက ပိုမိုအလေးထားဂရုပြုလာစေရန် ပညာပေးလုပ်ငန်းများကို ဦးစီးဆောင်ရွက်လျက်ရှိသည်။ ပြည်သူလူထုအတွင်း အသိပညာနှင့်အတွေ့အကြုံများ မျှဝေပေးခြင်းနှင့် မိသားစုကျန်းမာ ရေးကိုထိခိုက်စေနိုင်သည့် အခြေအနေများကိုဆွေးနွေးနိုင်ရန်ရပ်ရွာပညာပဒေသာဌာနများရှိ စာကြည့်တိုက်များအတွက် ပစ္စည်းကိရိယာအသစ်များ ဖြည့်တင်းပေးထားပြီး၊ စာဖတ်အုပ်စုများကိုလည်း တိုးချဲ့ဖွဲ့စည်းပေးထားသည်။

ရပ်ရွာလူထုအတွင်း စိတ်ပါဝင်စားသူများအား စက်ချုပ်၊ ဇာထိုးပန်းထိုး၊ ဖယောင်းတိုင်လုပ်ငန်း၊ လက်မှုအတတ်ပညာစသည့် သက်မွေးဝမ်းကျောင်းဆိုင်ရာ သင်တန်းများကို ပို့ချပေးလျက်ရှိပါသည်။ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း လုပ်ကိုင်နိုင်သော အရည်အချင်းရှိသူ ယောကျ်ား-မိန်းမများကိုလည်း အတိုးမဲ့ချေးငွေများဖြင့် ရင်းနှီးမတည်ပေးခဲ့ပါသည်။ မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှု လိုအပ်နေသူများအတွက် လက်လှမ်းမီရရှိနိုင်ရန် စီမံချက်နယ်မြေအတွင်း ရွှေ့လျားဆေးကုသမှုအဖွဲ့များက ပြုစုစောင့်ရှောက်ပေးလျက်ရှိသည်။ ထို့ပြင် ဆေးရုံဆေးခန်းများသို့ ညွှန်းပို့ရန် အကြောင်းကိစ္စများ ပေါ်ပေါက်လာပါက လိုအပ်သည့်ပြုစုစောင့်ရှောက်မှုများရယူနိုင်ရန် ကျန်းမာရေးဌာနများနှင့် ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

သက်ရွယ်ဆင့်တူပညာပေးလုပ်ငန်း နောက်ဆက်တွဲအနေဖြင့် FXB Myanmar သည် မျိုးဆက်ပွားကျန်းမာရေး၊ အိပ်ချ်အိုင်ဗွီနှင့် လိင်မှတစ်ဆင့် ကူးစက်သောရောဂါများအပါအဝင် မြန်မာ့လူ့အဖွဲ့အစည်းများအတွင်း ဖြစ်ပေါ်နေသည့် ရှေးရိုးအစွဲ၊ အယူအဆများနှင့် ပတ်သက်၍ ဇာတ်လမ်းတိုသရုပ်ဆောင်ခြင်းနည်းလမ်းများကို အသုံးပြု၍ ပညာပေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိသည်။ မျိုးဆက်ပွားကျန်းမာရေးနှင့်လိင်မှ တစ်ဆင့်ကူးစက်တက်သောရောဂါများဆိုင်ရာ အကြောင်းအရာများသည် မြန်မာ့ယဉ်ကျေးမှု၊ လူမှုရေးခံယူမှုနှင့် ဘာသာရေးယုံကြည်မှုများအကြား ဆွေးနွေးတိုင်ပင်ရန်အခက်အခဲများရှိနေခြင်းကြောင့် ဤနည်းလမ်းသည် မြန်မာလူထုအတွက် အထူးသင့်လျော်ကောင်းမွန်ပါသည်။

ဤဇာတ်လမ်းတိုဖြေဖျော်တင်ဆက်မှုများသည် ရည်ညွှန်းလူထုအတွင်း ဖြစ်ပေါ်ခံစားနေရသည့် တစ်ကယ့်ဖြစ်ရပ်မှန်များကို ဇာတ်လမ်းများဖြင့် အလေးအနက်ထား ခံစားတင်ဆက်ပညာပေးနေခြင်းဖြစ်သည်။ မျိုးဆက်ပွားကျန်းမာရေး၊ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်နှင့် ကျား-မ သာတူညီမျှခြင်းဆိုင်ရာ အကြောင်းအရာများနှင့် ပတ်သက်၍ မှားယွင်းသည့် အယူအဆများကြောင့် ဖြစ်ပေါ်လာရသည့် လူမှုရေးပြဿနာများကို ဇာတ်လမ်းဖြေဖျော်မှုဖြင့် ပညာပေးလျက်ရှိသည်။ ဤပညာပေးဖျော်ဖြေတင်ဆက်မှုနည်းလမ်းကို ရပ်ရွာပညာပဒေသာဌာန(၄)ခုစလုံးတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ လူငယ်ထုအတွင်း၌ သာမက လူထုတစ်ရပ်လုံးကိုပါ အလွန်ထိရောက်မှုရှိသည့် ဆက်သွယ်ပညာပေးနည်းလမ်းတစ်ခုဖြစ်ကြောင်း အထင်အရှား ပြသလျက်ရှိသည်။

ရပ်ရွာပညာပဒေသာဌာနများကို ထူးခြားသောအသွင်ဖြင့် ပြန်လည်သက်ဝင်လှုပ်ရှားစေခြင်းဖြင့် ယောကျ်ား-မိန်းမနှင့် လူငယ်ထုအတွင်းသာမက လူအများအတွက်ပါ မျိုးဆက်ပွားကျန်းမာရေးနှင့် ကျား-မ သာတူညီမျှခြင်းဆိုင်ရာ အကြောင်းအရာများနှင့်ပတ်သက်၍ ဆွေးနွေးညှိနှိုင်းရန်နှင့်၊ သတင်းအချက်အလက်များ မျှဝေခြင်းများကို အမျိုးသားများနှင့်အမျိုးသမီးများအတွက် သာမန်ဖြစ်စဉ်များအဖြစ် ရှုမြင်လာကြစေရေးကို အထောက်အကူဖြစ်စေနိုင်မည်ဖြစ်သည်။ သို့မှသာလူ့အဖွဲ့အစည်းများအတွင်း ကျန်းမာပျော်ရွှင်သောနေထိုင်မှုဘဝကို ရှေ့ရှုသည့် မှန်ကန်သည့်အမူအကျင့်များ ပြောင်းလဲလာစေရေး မြှင့်တင်ရေးလုပ်ငန်းတို့ကို အထောက်အကူဖြစ်စေနိုင်မည် ဖြစ်သည်။

# ၂၀၁၂ ခုနှစ်၊ ကမ္ဘာ့လူဦးရေနေ့ မျိုးဆက်ပွားကျန်းမာရေး၊ လူတိုင်းရအောင် ဆောင်ရွက်ပေး

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကမ္ဘာ့လူဦးရေနေ့အခမ်းအနားကို ၂၀၁၂ခုနှစ် ဇူလိုင်လ(၁၁)ရက်နေ့တွင် နေပြည်တော်၌ ကျင်းပခဲ့ရာ တစ်ကမ္ဘာလုံးသဘောတူညီထားပြီးဖြစ်သည့် ၂၀၁၅ခုနှစ်မတိုင်မီ မျိုးဆက်ပွားကျန်းမာရေးကို လူတိုင်းလက်လှမ်းမီရရှိရေး မျှော်မှန်းချက်ကို အကောင်အထည်ဖော်ရန် ထပ်မံကတိကဝတ်ပြုခဲ့ကြသည်။




နေပြည်တော်၌ ၂၀၁၂ ခုနှစ်၊ ဇူလိုင်လ (၁၁) ရက်နေ့တွင် ကျင်းပခဲ့သော ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်းမှ အဖွင့်အမှာစကားပြောကြားနေစဉ်။

အခမ်းအနားသို့ နိုင်ငံတော်အစိုးရ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် သံတမန်အသိုင်းအဝိုင်းမှ တာဝန်ရှိသူများ စုံလင်စွာတက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကားပြောကြားရာ၌ ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်ဖြစ်သော 'မျိုးဆက်ပွား ကျန်းမာရေး၊ လူတိုင်းရအောင် ဆောင်ရွက်ပေး' ၏ အရေးကြီးပုံကို ရှင်းလင်းပြောကြားသွားပြီး ဆရာဝန်များ၊ သူနာပြုများ၊ သားဖွားဆရာမများ၊ သားဆက်ခြားစောင့် ရှောက်မှုပေးနေသူများ၊ လူငယ်များ လွယ်ကူအဆင်ပြေစွာ အသုံးပြုနိုင်ရန် ဝန်ဆောင်မှုပေးနေသူများ၊ ဆင်းရဲနွမ်းပါးသူများ၊ ဘေးဒုက္ခများကြောင့် နေအိမ်မှတိမ်းရှောင်နေရသူများနှင့် မသန်စွမ်းသူများအား စောင့်ရှောက်မှုပေးနေသူများကို ချီးကျူးစကား ပြောကြားသွားခဲ့သည်။ အပြည်ပြည်ဆိုင်ရာလူဦးရေနှင့်ဖွံ့ဖြိုးမှုဆိုင်ရာညီလာခံက ချမှတ်ထားသောလုပ်ငန်းစဉ်များနှင့် ထောင်စုနှစ်ရည်မှန်းချက်များ ပြည့်မီစေရေး၊ အထူးသဖြင့် မျိုးဆက်ပွားကျန်းမာရေးကို လူတိုင်းလက်လှမ်းမီစေရေးအတွက် မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းလက်တွဲဆောင်ရွက်သွားမည်ဟုလည်း ကတိပြုခဲ့သည်။

ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် ဌာနေကိုယ်စားလှယ်နှင့် ကုလသမဂ္ဂဌာနေ ညှိနှိုင်းရေးမှူး၊ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာညှိနှိုင်းရေးမှူး မစ္စတာအာရှောခ်နိဂန်က ကမ္ဘာ့လူဦးရေနေ့အတွက် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။ ထိုသဝဏ်လွှာတွင် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအားလုံးက မျိုးဆက်ပွားကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုလက်လှမ်းမီရရှိလာစေရေး အရေးတကြီးအတူတကွ အားထုတ်လုပ်ဆောင်ကြရန် တိုက်တွန်းနှိုးဆော်ထားသည်။ အထွေထွေအတွင်းရေးမှူးချုပ်က ကမ္ဘာ့နိုင်ငံများအနေနှင့် ဖွံ့ဖြိုးမှုနှင့်ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အစီအစဉ်များတွင် မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အလမ်းများကို ထည့်သွင်းရေးဆွဲသင့်ကြောင်း တိုက်တွန်းထားပြီး မျိုးဆက်ပွားကျန်းမာရေး လူတိုင်းလက်လှမ်းမီစေရေးအတွက် ရင်းနှီးမြှုပ်နှံခြင်းသည် ကျန်းမာသော လူမှုအဖွဲ့အစည်းနှင့် ရေရှည်တည်တံ့သော အနာဂါတ်ကို ဖော်ဆောင်ခြင်းဖြစ်ကြောင်း သတိပေးထားပါသည်။




၂၀၁၂ ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားတွင် မျိုးဆက်ပွားကျန်းမာရေးကို ပြည်သူလူထုပိုမိုလက်လှမ်းမီရရှိ စေရန် စံနမူနာပြ ကြိုးပမ်းဆောင်ရွက်ခဲ့သော ထူးချွန်သားဖွားဆရာမ (၅) ဦးအား ဂုဏ်ပြုဆုများချီးမြှင့်ခဲ့စဉ်။

သွားသည်။ ထို့ပြင် ပြည်သူလူထုအတွက် မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုပေးရာတွင် ကျန်းမာရေးဝန်ကြီးဌာန၏ဦးဆောင်မှု၊ ကျန်းမာရေးဆိုင်ရာ ထောင်စုနှစ်ရည်မှန်းချက်များအတွက် တိုးတက်ရင်းနှီးမြှုပ်နှံရန် အလှူရှင်များ၏ လတ်တလောဦးဆောင်လှုပ်ရှားမှုများ၊ ထိုလုပ်ငန်းများကို အကောင်အထည်ဖော်ရန် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၏ ပူးပေါင်းလက်တွဲဆောင်ရွက်မှုများကို ချီးကျူးပြောကြားခဲ့ပြီး လုပ်ငန်းအသီးသီးကို ဆောင်ရွက်ကြရာတွင် ပိုမိုထိရောက်သော ပူးပေါင်းညှိနှိုင်းမှု၊ ပေါင်းစည်းညီညွတ်မှုဖြင့် ပိုမိုကြီးမားသောရလဒ်ကို ရရှိစေမှု၊ ကွဲပြားခြားနားသော်လည်း အပြန်အလှန် အကျိုးပြုနိုင်မှုတို့ဖြင့် အမြင့်မားဆုံးသော ကောင်းကျိုးရလဒ်များရရှိအောင် ဆောင်ရွက်ကြရန်ကိုလည်း တိုက်တွန်းခဲ့ပါသည်။ အသက် ၁၅နှစ်မှ ၂၄နှစ် ကြား လူငယ် သန်း ၁၈၀၀ အတွက် လိုအပ်သော မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ အချက်အလက်နှင့် စောင့်ရှောက်မှုပေးနိုင်ရန် အရေးကြီးသည့်အချိန်သို့ ရောက်ရှိလာချိန်တွင် ရန်ပုံငွေများ ကျဆင်းလာနေမှုကိုလည်း ထောက်ပြ ပြောကြားခဲ့ပါသည်။ ထိုသို့ ရန်ပုံငွေများ လျော့နည်းလာမှုကြောင့် အလှူရှင်များ၏ အထောက်အပံ့ကို အဓိကမှီခိုအားထားနေရသည့် ဆင်းရဲနွမ်းပါးသော တိုင်းပြည်များနှင့် ဝင်ငွေနည်းပါးသော တိုင်းပြည်များသည် ပြည်သူများ၏ သားဆက်ခြားဆိုင်ရာ လိုအပ်ချက်ကို မဖြည့်ဆည်းနိုင်ကြတော့ပေ။ 'ကျန်ရှိနေသော ဥပဒေနှင့် မူဝါဒဆိုင်ရာ အားနည်းချက်များ၊ ရန်ပုံငွေကွာဟချက်များကို ပြင်ဆင်ဖြည့်ဆည်းပေးပြီး၊ ကျန်းမာရေးစနစ်၏ အားနည်းချို့ယွင်းချက်များကို ကိုယ်တွယ်ဖြေရှင်းကာ မျိုးဆက်ပွားကျန်းမာရေးကို လူတိုင်းလက်လှမ်းမီစေရေး ဆောင်ရွက်မှုများအား အရှိန်အဟုန်မြှင့်တင်နိုင်ရေးသည် လက်ရှိနိုင်ငံခေါင်းဆောင်များ၏ စိတ်ပါဝင်စားမှုအပေါ် အားပြုတည်ဆောက်သွားရန် လိုအပ်သည်' ဟုလည်း ထည့်သွင်း ပြောကြားသွားပါသည်။

ထိုအခမ်းအနားတွင် မျိုးဆက်ပွားကျန်းမာရေး လူတိုင်း လက်လှမ်းမီရရှိရေး ဆိုင်ရာ ဓါတ်ပုံနှင့် ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိသူများကိုလည်း ဆုများ ချီးမြှင့်ပေးအပ်ခဲ့သည်။ မျိုးဆက်ပွားကျန်းမာရေးကို ပြည်သူလူထု ပိုမိုလက်လှမ်းမီရရှိစေရန် ရှေ့တန်းမှ စံနမူနာပြ ကြိုးပမ်းဆောင်ရွက်နေသူများအား အသိအမှတ်ပြုသည့်အနေဖြင့် ထူးချွန်သော သားဖွားဆရာမငါးဦးအား အမျိုးသမီးများနှင့်ကလေးများ၏ အသက်ကို ကယ်တင်နိုင်ခဲ့သည့် ၎င်းတို့၏ ပြောင်မြောက်သော ဆောင်ရွက်ချက်များအတွက် ဂုဏ်ပြုဆုများ ချီးမြှင့်ပေးခဲ့ပါသည်။

# နိုင်ငံတကာစံနှုန်းစံညွှန်းများနှင့်အညီ လူဦးရေသန်းခေါင်စာရင်းကောက်ယူရေး အစိုးရကလက်ခံသဘောတူ

နိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂအကြား သဘောတူလက်မှတ်ရေးထိုးခြင်းနှင့် စာချွန်လွှာလဲလှယ်သည့် အစီအစဉ်တစ်ရပ်ကို ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း ၂၀၁၂-ခုနှစ်၊ ဧပြီလ(၃၀)ရက်နေ့က ဆောင်ရွက်ခဲ့သည်။ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်သော လက်မှတ်ရေးထိုးခြင်း အခမ်းအနားသည် အစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ ၂၀၁၄-ခုနှစ်တွင်ပြုလုပ်မည့် လူဦးရေနှင့်အိုးအိမ်အကြောင်းအရာများ ကောက်ယူခြင်းလုပ်ငန်းကြီးကို နိုင်ငံတကာ စံနှုန်းစံထားများနှင့်အညီ စီစဉ်ဆောင်ရွက်ဖို့ လက်ခံသဘောတူကြောင်းပြသလိုက်သည့် အထိမ်းအမှတ် တစ်ခုပင်ဖြစ်သည်။

အစိုးရအနေနှင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူရေး အစီအစဉ်များကို ဖော်ထုတ်ရေးဆွဲရာတွင် အိမ်ထောင်စုစာရင်းများပြုစုခြင်း၊ စာရင်းကောက်မြေပုံနှင့်ကောက်ကွက်များဖော်ထုတ်ခြင်း၊ စာရင်းကောက်သင်တန်းပို့ချခြင်း၊ သတင်းအချက်အလက်ဆိုင်ရာ နည်းပညာအခြေခံအဆောက်အအုံများဖွဲ့စည်းခြင်း၊ အချက်အလက်များကို စနစ်တကျစီမံဆောင်ရွက်ခြင်း၊ ရလာဒ်များကို အသေးစိတ်လေ့လာဆန်းစစ်ခြင်းနှင့် ထုတ်ပြန်ကြေညာခြင်းနှင့် ပတ်သက်သည့် ကျွမ်းကျင်မှုများကို ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့မှ ပံ့ပိုးကူညီပေးပါသည်။

လက်မှတ်ရေးထိုးပွဲတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်က သန်းခေါင်စာရင်းကောက်ယူရေးစီမံချက်လုပ်ငန်းကြီးအတွက် နိုင်ငံတော်အစိုးရ၏ ခိုင်မာသည့်လက်ခံသဘောတူညီချက်အပေါ် လွန်စွာအားတက်မိပါကြောင်းနှင့် အလှူရှင်များကိုလည်း အဆိုပါလုပ်ငန်းကြီးအတွက် ပံ့ပိုးကူညီပေးကြရန်လည်း တိုက်တွန်းသွားပါသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးအကြံပေးအရာရှိ မစ္စတာ ဗိုု၊ ဂျေ၊ နမ်ဘီးယား ကလည်း လူဦးရေသန်းခေါင်စာရင်းကောက်ယူရာတွင် နိုင်ငံတကာစံညွှန်းများနှင့်ကိုက်ညီစေရန် အဓိက အခြေခံစည်းမျဉ်းများပါရှိသည့်စာကို လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီထံ ပေးအပ်သည်။ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ က အစိုးရအနေဖြင့် လူဦးရေသန်းခေါင်စာရင်းကောက်ယူရာတွင် ဖော်ပြပါစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်မည်ဖြစ်ကြောင်း ထပ်မံအတည်ပြုသည့် အကြောင်းပြန်ကြားစာကို လက်မှတ်ရေးထိုးပေးခဲ့သည်။

အထူးအကြံပေးအရာရှိ မစ္စတာ နမ်ဘီးယားက လူဦးရေသန်းခေါင်စာရင်းသည် ပြန်လည်ပြုပြင်ဖွဲ့စည်းခြင်း စတင်ဆောင်ရွက်သည့် အကျိုးသက်ရောက်မှု အပါအဝင် အမျိုးသားအဆင့် ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များနှင့် အကဲဖြတ်ဆန်းစစ်ခြင်းတို့အတွက် စံထားရမည့်အချက်အလက်များကို ဖော်ထုတ်ပေးနိုင်မှာ ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသွားသည်။

အဆိုပါစာတွင် မှန်ကန်တိကျသည့် လူဦးရေသန်းခေါင်စာရင်း ကောက်ယူရာတွင် လိုအပ်သော အခြေခံစည်းမျဉ်းများကို အောက်ပါအတိုင်း ဖော်ပြထားသည်။ ဖော်ပြချမှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများသည် ယုံကြည်အားထားရသည့် လူဦးရေသန်းခေါင်စာရင်း ကောက်ယူနိုင်ရန် အောက်ဖော်ပြပါအချက်များ လိုအပ်ကြောင်း အလေးထားဖော်ပြထားသည်။

- တာဝန်ဝတ္တရားများသတ်မှတ်ရန် အချိန်နှင့်တပြေးညီ ဥပဒေများပြဋ္ဌာန်းခြင်း၊ လုပ်ငန်းလွှမ်းခြုံမှုနှင့် အချိန်ကာလသတ်မှတ်ခြင်း၊ ရန်ပုံငွေရှာဖွေခြင်း၊ မှန်ကန်တိကျစွာအစီရင်ခံရန် စာရင်းကောက်သူများအား ကြပ်မတ်ပေးခြင်းနှင့် လူထု၏ပူးပေါင်းပါဝင်မှုရယူခြင်း၊ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်နိုင်ရန် လျှို့ဝှက်ချက်အတွက် အာမခံပေးခြင်း၊
- လူဦးရေသန်းခေါင်စာရင်းသည် အားလုံးနှင့်သက်ဆိုင်ပြီး တိုင်းရင်းသားလူမျိုးပေါင်းစုံ ပါဝင်စေရမည်။ စာရင်းကောက်သူများသည် နိုင်ငံအတွင်းရှိဒေသအားလုံးကို အတားအဆီးမရှိ သွားလာနိုင်သည့် အခွင့်အလမ်းရှိခြင်း၊
- လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးအတွက် အမျိုးသားအဆင့်အဖွဲ့အစည်းအသီးသီးများမှ စွမ်းအားအရင်းအမြစ်များ စုစည်းနိုင်မည့် စနစ်ကျသည့် စီမံခန့်ခွဲမှုလိုအပ်ခြင်း၊
- ဒေသနှင့်အမျိုးသားအဆင့်အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူထုကိုယ်စားလှယ်များနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ အသင်းအဖွဲ့များ စုပေါင်းပါဝင်သည့် အတိုင်ပင်ခံအဖွဲ့မဖြစ်မနေလိုအပ်ခြင်း၊
- လူဦးရေသန်းခေါင်စာရင်းကောက်ယူရခြင်း၏ရည်ရွယ်ချက်၊ ပါဝင်သည့်အကြောင်းအရာနှင့် ကောက်ယူမည့်နည်းလမ်း၊ လူထု၏ရပိုင်ခွင့်နှင့်တာဝန်များ စသည်တို့ကို အသိပေးထုတ်ပြန်ရန် အမျိုးသားအဆင့် သတင်းပြန်ကြားရေးအဖွဲ့ လိုအပ်ခြင်း၊
- လူဦးရေသန်းခေါင်စာရင်းကောက်ယူရာတွင် ကုလသမဂ္ဂစာရင်းအင်းဆိုင်ရာကော်မရှင် (United Nations Statistical Commission) က အတည်ပြုပြဋ္ဌာန်းထားသည့် ကမ္ဘာ့စံညွှန်းများနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

စာရင်းကောက်ယူမည့်သူများအတွက် သင်တန်းပေးခြင်းသည် လတ်တလောအတွေ့အကြုံအားနည်းချက်များအရ စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က မှတ်ချက်ပြုသွားသည်။ အတွင်းရေးမှူးချုပ်က နိုင်ငံတစ်ဝှမ်းလုံး အောင်မြင်စွာ စာရင်းကောက်ယူနိုင်ရန်မှာ နောက်ထပ်စိန်ခေါ်မှုတစ်ရပ်ပင်ဖြစ်ကာ လက်တလောနှင့်အနာဂတ်တွင် အပစ်အခတ်များ ရပ်စဲကြမှသာ ဖြစ်နိုင်ချေရှိမည်ဟု မျှော်လင့်မိပါကြောင်းနှင့် လူနည်းစုများနှင့်အရပ်ဖက် လူမှုအဖွဲ့အစည်းများ၏ ပူးပေါင်းပါဝင်ရေးသည် အလွန်အရေးပါကြောင်း ပြောကြားသွားသည်။ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ၂၀၁၄-ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေးသည် မြန်မာနိုင်ငံအတွက် အထူးဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းဖြစ်ကြောင်းနှင့် ပံ့ပိုးကူညီမှုများအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကိုလည်း အထူးကျေးဇူးတင်မိပါကြောင်း ပြောကြားသွားသည်။ အစိုးရအနေနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံ ငွေအဖွဲ့နှင့် အနီးကပ်ပူးပေါင်း၍ သန်းခေါင်စာရင်းအရည်အသွေးအတွက် အထူးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သို့မှသာ လူဦးရေစာရင်းများ မှန်ကန်တိကျပြီး နိုင်ငံတကာ စံနှုန်းစံညွှန်းများနှင့်အညီ ရလာဒ်ကောင်းများ ရရှိနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။




၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် နိုင်ငံတော်အစိုးရနှင့်ကုလသမဂ္ဂအကြား စာချွန်လွှာလဲလှယ်သည့်အခမ်းအနားတွင် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၊ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏မြန်မာနိုင်ငံဆိုင်ရာအထူးအကြံပေးအရာရှိ ဗိုဂျေနမ်ဘီးယား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ ကုလသမဂ္ဂနှင့် အစိုးရမိတ်ဖက်များအား မြင်တွေ့ရစဉ်။

# လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို လွှတ်တော်ကိုယ်စားလှယ်များကထောက်ခံအားပေး

၂၀၁၄-ခုနှစ် မြန်မာနိုင်ငံပြည်လုံးကျွတ် လူဦးရေနှင့်အိုးအိမ်အကြောင်းအရာများ ကောက်ယူရေးလုပ်ငန်းစဉ်များနှင့် ပတ်သက်၍ ဥပဒေရေးဆွဲသူများနှင့် အမျိုးသားလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်အဖွဲ့ဝင်များ ပါဝင်သည့် ညှိနှိုင်း ဆွေးနွေးပွဲတစ်ရပ်ကို ၂၀၁၂ခုနှစ် မေလ(၃)ရက်နေ့က ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်းစီစဉ်မှုဖြင့် ကျင်းပပြုလုပ်ခဲ့သည်။

အဆိုပါညှိနှိုင်းဆွေးနွေးပွဲဖိုရမ်ကို နိုင်ငံတကာစံနှုန်းများနှင့်အညီ ၂၀၁၄-ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူနိုင်ရေးအတွက် မြန်မာနိုင်ငံအစိုးရနှင့် ကုလသမဂ္ဂအကြား လက်ခံသဘောတူသည့်စာချွန်လွှာ လဲလှယ်မှုအပေါ် အခြေခံ၍ ကျင်းပပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဤဆွေးနွေးပွဲသည် မြန်မာနိုင်ငံလွှတ်တော် လူဦးရေနှင့်လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် စတင်တွေ့ဆုံသည့် ဆွေးနွေးပွဲလည်း ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အောင်မြင်စွာပြီးမြောက်နိုင်ရေးအတွက် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း အစီအစဉ်များအပေါ် အမြင်ချင်းဖလှယ်ကာ ညှိနှိုင်းဆွေးနွေးရန်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ လက်ခံသဘောတူညီချက်များ ရယူရန်ရည်ရွယ်၍ ဤဆွေးနွေးပွဲကို ကျင်းပပြုလုပ်ခြင်းဖြစ်သည်။ အမျိုးသားလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင် ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ပြီးမြောက်အောင်မြင်ရေးသည် အစိုးရဌာနအဖွဲ့အသီးသီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၏ ကျယ်ကျယ်ပြန့်ပြန့်နှင့် ထိထိရောက်ရောက် ပူးပေါင်းကြိုးပမ်းဆောင်ရွက်မှုလိုအပ်ကြောင်း ဆွေးနွေးပွဲတွင် ထည့်သွင်းပြောကြားခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက မိတ်ဖက်အဖွဲ့အစည်းများ ပူးပေါင်းပါဝင်ဆောင်ရွက်လာစေရန် ပံ့ပိုးကူညီမှုပေးခြင်းသည် ကော်မရှင်၏ အခန်းကဏ္ဍပင်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသွားသည်။

လွှတ်တော်လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေ က သန်းခေါင်စာရင်းကောက်ယူရာမှ ရရှိလာသည့် အချက်အလက်များသည် အမျိုးသား စီမံကိန်းများအတွက် အထောက်အကူများ ဖြစ်လာနိုင်မည်ဖြစ်ကြောင်းနှင့် ၂၀၁၄-ခုနှစ် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် မိတ်ဖက်အဖွဲ့အစည်းများကို ဖိတ်ခေါ်ပါကြောင်း ပြောကြားခဲ့သည်။

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ မြန်မာနိုင်ငံဌာနေ ကိုယ်စားလှယ် မစ္စတာ မိုဟာမက်အဗ္ဗဒယ်လ်အာဟတ်ကလည်း လူဦးရေသန်းခေါင်စာရင်းသည် သက်ဆိုင်သည့်မူဝါဒများ ချမှတ်ဖော်ထုတ်ရာတွင် မရှိမဖြစ်လိုအပ်သောလုပ်ငန်းစဉ်ဖြစ်ကြောင်းနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ အားဖြည့်ကူညီပါဝင်မှုနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ရပ်တည်ချက် သဘောထားအပေါ် ထပ်လောင်းပြောကြားသွားသည်။ ဆက်လက်၍ လူဦးရေသန်းခေါင်စာရင်းသည် လူဦးရေကြီးထွားတိုးတက်မှုနှင့် တိကျသည့်သတင်းအချက်အလက်များကို ဖော်ပြနေမည်ဖြစ်ပြီး ကျောင်းများ၊ ဆရာဆရာမများ၊ ဆေးရုံများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် အလုပ်အကိုင်အခွင့်အလမ်းများ၊ အိမ်ယာအဆောက်အအုံများ၊ လူမှုဘဝလုံခြုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးတို့အတွက် လိုအပ်ချက်များအပါအဝင် လက်တလောနှင့်အနာဂတ် လိုအပ်ချက်များကို ခန့်မှန်းတွက်ချက်ရာတွင်လည်း အထောက်အကူပေးနိုင်ပါသည်။

ညှိနှိုင်းဆွေးနွေးပွဲဖိုရမ်မှတစ်ဆင့် အမျိုးသားကော်မရှင်နှင့် လွှတ်တော်ရေးရာကော်မတီအဖွဲ့ဝင်များသည် အောက်ပါအကြောင်းကိစ္စရပ်များစွာကို ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

- သန်းခေါင်စာရင်းမေးခွန်းပုံစံတွင် ပါဝင်မည့်အကြောင်းအရာများ၊
- လူဦးရေသန်းခေါင်စာရင်းကောက်ယူရာတွင် ဝေးလံခေါင်ဖျားရှိ အရပ်ဒေသများအပါအဝင် မြန်မာနိုင်ငံ၏ နယ်မြေပိုင်နက်ဒေသအားလုံး လွှမ်းခြုံမိစေရေး၊
- နိုင်ငံတော်၊ ပြည်နယ်/တိုင်းဒေသကြီး၊ မြို့နယ်နှင့်အခြေခံအုပ်ချုပ်မှုနယ်မြေတွင်းရှိ ဒေသဆိုင်ရာအာဏာပိုင်များနှင့် နယ်မြေဒေသခံပြည်သူများက လူဦးရေသန်းခေါင်စာရင်းများ ကောက်ယူရာတွင် ပံ့ပိုးကူညီဆောင်ရွက်လာစေရေးအတွက် စည်းရုံးလှုံ့ဆော်ရန် လိုအပ်ခြင်း၊
- သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ အချက်အလက်များနှင့် ပတ်သက်၍ လူထုပိုမိုနားလည် သဘောပေါက်လာစေရန် စေတနာ့ဝန်ထမ်း ပြည်သူလူထုများအပါအဝင် မီဒီယာများ၊ ဒေသခံလူထုခေါင်းဆောင်များ၊ ယုံကြည်မှု အခြေပြုလူထုအဖွဲ့အစည်းများ၊ မှတစ်ဆင့် ဆက်သွယ်ရေးနည်းလမ်းမျိုးစုံကိုအသုံးပြု၍ အသိပညာပေးခြင်း၊



၂၀၁၄ ခုနှစ်မြန်မာနိုင်ငံ လူဦးရေသန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းအတွက် ညှိနှိုင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံလွှတ်တော်လူဦးရေနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် အမျိုးသားလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်အဖွဲ့ဝင်များ ဆွေးနွေးနေကြစဉ်။

# ၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ အခမ်းအနားကျင်းပခြင်း အမျိုးသမီးငယ်များ ချိတ်ဆက်ထား၊ အနာဂတ်အတွက်စွမ်းပကား

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့သည်လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ဘာသာရေးအဖွဲ့အစည်းများ၊ ရပ်ရွာလူထုအခြေပြုအဖွဲ့အစည်းများ၊ ပြည်တွင်းရှိအစိုးရမဟုတ်သောအဖွဲ့အစည်းများပါဝင်ဖွဲ့စည်းထားသော အမျိုးသမီးများကာကွယ်စောင့်ရှောက်ရေး နည်းပညာရပ်ဆိုင်ရာ လုပ်ငန်းအဖွဲ့တို့နှင့်ပူးပေါင်း၍ ၂၀၁၂ခုနှစ် အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့အထိမ်းအမှတ်အခမ်းအနားကို 'အမျိုးသမီးငယ်များ ချိတ်ဆက်ထား၊ အနာဂတ်အတွက်စွမ်းပကား' ဟူသောကမ္ဘာလုံးဆိုင်ရာဆောင်ပုဒ်ဖြင့်မတ်လ(၈)ရက်နေ့တွင် နေပြည်တော်၌ကျင်းပခဲ့ပြီး မတ်လ ၁၂ရက်နေ့တွင် ရန်ကုန်မြို့၌ ဆက်လက်ကျင်းပခဲ့ပါသည်။

နေပြည်တော်တွင်ကျင်းပသောအခမ်းအနားသို့အစိုးရအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် သံတမန်များ စုံလင်စွာတက်ရောက်ခဲ့ကြပါသည်။ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အဖွင့်အမှာစကား ပြောကြားရာတွင် အမျိုးသမီးများအား ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်စီမံခန့်ခွဲရေး၊ သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများတွင် နိုင်ငံတော်၏လမ်းညွှန်မှုနှင့် ဦးဆောင်မှုအောက်၌ ပါဝင်ဆောင်ရွက်ကြရန် တိုက်တွန်းသွားသည်။ အမျိုးသမီးများ၏ ကျန်းမာရေးနှင့်လူမှုစီးပွားရေး အဆင့်အတန်းကို မြှင့်တင်ရန်ကြိုးပမ်းဆောင်ရွက်မှုများကို ချီးကျူးပြောကြားပြီး အမျိုးသမီးများ၏ ဘဝသာယာရေးအတွက် နယ်ပယ်အသီးသီးတွင် ကြိုးပမ်းလုပ်ဆောင်နေကြသော မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ မြန်မာအမျိုးသမီးစွမ်းဆောင်ရှင်များအသင်းအပါအဝင် မြန်မာအမျိုးသမီးအသင်းအဖွဲ့များ၊ ပြည်တွင်းနှင့်အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သောအဖွဲ့အစည်းများအားလုံးအား စံနမူနာကောင်းများ၊ အလေ့အထကောင်းများကို ဆက်လက်ထိန်းသိမ်းသွားရန်နှင့် ရှေ့ဆက်အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြရန် တိုက်တွန်းနိုးဆော်သွားပါသည်။ 'အမျိုးသမီးများ၏ စွမ်းဆောင်ရည်နှင့် ကျားမလူမှုဘဝ တန်းတူညီမျှရှိမှုများသည် မြန်မာနိုင်ငံကြီး ဘက်ပေါင်းစုံမှ ဖွံ့ဖြိုးတိုးတက်ရန်အတွက် အလွန်အရေးပါနေသည်မှာ ထင်ရှားလှပါသည်' ဟု ဒေါက်တာစိုင်းမောက်ခမ်းမှ ပြောကြားသွားပါသည်။




၂၀၁၂ ခုနှစ် မတ်လ (၈) ရက်နေ့တွင် ကျင်းပခဲ့သော အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ အခမ်းအနားတွင် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါက်တာသက်သက်ဇင်မှ အမျိုးသမီးများအခန်းကဏ္ဍမြှင့်တင်ရေးနှင့် စပ်လျဉ်းသည့် ရည်မှန်းချက်နှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြနေစဉ်။

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ အမှုဆောင်ဒါရိုက်တာဒေါက်တာဘာဘာတွန်ဒေးအိုဆိုတီမေဟောင်၏ သဝဏ်လွှာတွင် ကျေးလက်ဒေသမှအမျိုးသမီးများသည် မိမိကိုယ်ကိုစိုးပိုင်နိုင်မှုနည်းပါးပြီး နိမ့်ကျသည့်အခြေအနေတွင် ရှိနေသဖြင့် အစာရေစာငတ်ပြတ်မှု၊ ကျားမလူမှုဘဝကွဲပြားမှုကိုအခြေခံသော အကြမ်းဖက်မှုများနှင့် အခြားသောလူ့အခွင့်အရေးချိုးဖောက်မှုအန္တရာယ်များ ကိုပိုမိုကြုံတွေ့စေနိုင်သည်ဟု ထောက်ပြထားသည်။ 'ကျေးလက်နေအမျိုးသမီးများ၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးအဆင့်အတန်းကို မြှင့်တင်ပေးခြင်းသည် ၎င်းတို့ကိုယ်တိုင်အတွက် အသက်တမျှအရေးကြီးသလို ဆင်းရဲမွဲတေမှုကိုအမြစ်ပြတ်တိုက်ဖျက်ရန် နည်းဗျူဟာများ၊ အမျိုးသမီးများ၏ရပိုင်ခွင့်ကို ကာကွယ်စောင့်ရှောက်ရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်ရာတွင်လည်း အရေးကြီးပါသည်။' အမျိုးသမီးများ၏ ကျန်းမာရေး၊ ပညာရေးနှင့်ရပိုင်ခွင့်များ တိုးတက်ကောင်းမွန်အောင်ဆောင်ရွက်ပေးရန်၊ ကျားမတန်းတူညီမျှရှိမှုကို တည်ဆောက်ရန်၊ ကိုယ်ဝန်တိုင်း၊ လိုလားသည့်မွေးဖွားမှုတိုင်းကိုအန္တရာယ်ကင်းစေရန်၊ လူငယ်တိုင်းသည်အလားအလာရှိသလောက် ဖွံ့ဖြိုးတိုးတက်နိုင်ရန်၊ အခွင့်အလမ်းများရှိသည့် ကမ္ဘာကြီးကိုတည်ဆောက်ရာတွင် ပါဝင်ကြရန် စသည်ဖြင့် တာဝန်ရှိသူများ အားလုံးကိုဖိတ်ခေါ် တိုက်တွန်းထားပါသည်။



၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားသို့ တက်ရောက်လာကြသော အစိုးရဌာန၊ ရပ်ရွာလူထုအခြေပြုအဖွဲ့အစည်းများ၊ ပြည်တွင်းရှိအစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ကုလသမဂ္ဂနှင့် သံတမန်အဖွဲ့အစည်းများမှတာဝန်ရှိသူများ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကို တွေ့မြင်ရစဉ်။

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို ရန်ကုန်မြို့တွင်လည်း ၂၀၁၂ခုနှစ် မတ်လ ၁၂ရက်တွင် အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ ဂျန်ဒါအဖွဲ့ (NGO Gender Group)၊ သင်္ဂဟဂျန်ဒါလုပ်ငန်းအဖွဲ့ (Thingaha Gender Working Group)၊ မြန်မာအမျိုးသမီးအဖွဲ့အစည်းများကွန်ယက် (Women Organisation's Network of Myanmar)၊ နှင့်အမျိုးသမီးကာကွယ်စောင့်ရှောက်ရေးနည်းပညာရပ်ဆိုင်ရာလုပ်ငန်းအဖွဲ့(Women Protection Technical Working Group) တို့ကကြီးမှူးကျင်းပခဲ့ပါသည်။ ဓါတ်ပုံနှင့် ဗီဒီယိုမှတ်တမ်းများ၊ အသိပေးပညာရှင်းလင်းမှု အထောက်အကူပစ္စည်းများကို ပြခန်းပေါင်း ၂၀ဖြင့် ခင်းကျင်းပြသထားပါသည်။

အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကိုအကြောင်းပြု၍ အမျိုးသမီးများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ အထူးသဖြင့်ကျေးလက်ဒေသမှအမျိုးသမီးများအား စွမ်းဆောင်ရည်မြှင့်တင်ပေးရန်အတွက်အစိုးရအဖွဲ့အစည်းများနှင့်အစိုးရမဟုတ်သောအဖွဲ့အစည်းများအပါအဝင် တာဝန်ရှိသူများအားလုံး အပြည့်အဝ ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လှုံ့ဆော်တိုက်တွန်းလိုက်ရပါသည်။



# ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး

## မြန်မာနိုင်ငံသို့ ပထမဆုံးအကြိမ် လာရောက်လည်ပတ်

မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ဆက်လက်ပံ့ပိုးကူညီရေးအတွက် လာရောက်ခဲ့သော ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဘာဘာတွန်ဒေးအိုဆိုတီမေဟင်က နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် အဓိကအမျိုးသားခေါင်းဆောင်များအား တွေ့ဆုံခဲ့စဉ်။

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူးဖြစ်သူ ဒေါက်တာဘာဘာတွန်ဒေးအိုဆိုတီမေဟင်သည် ၂၀၁၂ခုနှစ် ဩဂုတ်လအတွင်း မြန်မာနိုင်ငံသို့ သုံးရက်ကြာလာရောက်လည်ပတ်ခဲ့ပြီး နိုင်ငံ့ထိပ်တန်းခေါင်းဆောင်များနှင့်တွေ့ဆုံကာ မြန်မာနိုင်ငံ၏ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများတွင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့အနေဖြင့် မည်သို့ရှေ့ဆက်ပံ့ပိုးကူညီမည်ဆိုသည်ကို ဆွေးနွေးခဲ့ပါသည်။ ထိုခရီးစဉ်အတွင်း ဒေါက်တာအိုဆိုတီမေဟင်သည် နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် တွေ့ဆုံရာတွင်လည်း ၂၀၁၄ လူဦးရေသန်းခေါင်စာရင်းကောက်ယူရေး၊ မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုများတိုးတက်ကောင်းမွန်စေရေး၊ လူငယ့်အရေးကိစ္စများကို ဘက်ပေါင်းစုံမှကိုင်တွယ်ဖြေရှင်းပေးနိုင်သည့် မူဝါဒများချမှတ်ရေးတို့ကို ဆွေးနွေးခဲ့သည်။ လူဦးရေသန်းခေါင်စာရင်းကောက်ယူရာတွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ အပြည်ပြည်ဆိုင်ရာစံသတ်မှတ်ချက်များကို လိုက်နာရန်နှင့် နိုင်ငံတွင်းရှိ တိုင်းရင်းသားလူမျိုးစုများအားလုံးကို ထည့်သွင်းကောက်ယူရန် အရေးကြီးကြောင်းကို အလေးထားပြောကြားခဲ့သည်။ နိုင်ငံတော်သမ္မတသည် ဤသို့ အမှုဆောင်ညွှန်ကြားရေးမှူးလာရောက်လည်ပတ်မှုနှင့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ ကူညီပံ့ပိုးမှုများအတွက် ကျေးဇူးတင်ဝမ်းမြောက်ကြောင်း ပြန်လည်ပြောကြားခဲ့သည်။

အမှုဆောင်ညွှန်ကြားရေးမှူးသည် ဒေါ်အောင်ဆန်းစုကြည်နှင့်လည်း တွေ့ဆုံခဲ့ကာ လူငယ်များ၏ဘဝသာယာရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရေး၊ အမျိုးသမီးများ၏ မျိုးဆက်ပွားကျန်းမာရေး စသည့်အရေးကိစ္စများတွင် သူမ၏ထောက်ခံပံ့ပိုးမှုရရှိရန် ဆွေးနွေးခဲ့သည်။ မိခင်ကျန်းမာရေးစောင့်ရှောက်မှုတိုးတက်ကောင်းမွန်စေရေး၊ မလိုချင်ဘဲကိုယ်ဝန်ရရှိမှု၊ ကိုယ်ဝန်ဖျက်ချမှုများကိုလျှော့ချရန်နှင့် အသက်အန္တရာယ်ကာကွယ်နိုင်ရန် မြန်မာနိုင်ငံရှိ အမျိုးသမီးများအတွက် သားဆက်ခြားဆေးဝါးပစ္စည်းများရရှိအောင် ဆောင်ရွက်ပေးရေးတို့ကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

ဒေါက်တာအိုဆိုတီမေဟင်သည် ကျန်းမာရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာဖေသက်ခင်၊ လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၊ မကြာသေးခင်က ဖွဲ့စည်းခဲ့သောလူဦးရေနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လွှတ်တော်ကော်မတီအဖွဲ့ဝင်များ၊ အခြားသော အစိုးရဌာနအကြီးအကဲများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုသို့ တွေ့ဆုံဆွေးနွေးမှုများတွင် အမှုဆောင်ဒါရိုက်တာသည် မြန်မာနိုင်ငံတွင် မျိုးဆက်ပွား ကျန်းမာရေးစောင့်ရှောက်မှုများကို လူတိုင်းလက်လှမ်းမီရရှိစေရေးအတွက် လိုအပ်ချက်များကို ကူညီပံ့ပိုးပေးရန် အဓိကထား ဆွေးနွေးခဲ့ပါသည်။ အမှုဆောင်ဒါရိုက်တာသည် အရည်အသွေးပြည့်မီသော မျိုးဆက်ပွားကျန်းမာရေး ဆေးဝါးပစ္စည်းများကို တိုးမြှင့်ပံ့ပိုးပေးရန်၊ သားဖွားဆရာမများနှင့် သားဖွားစောင့်ရှောက်မှု ကျွမ်းကျင်သူများအပါအဝင် ကျန်းမာရေးဝန်ထမ်းများ၏ အရည်အသွေးကို မြှင့်တင်ပေးရန်၊ မူဝါဒများကို ပြန်လည်သုံးသပ်ရန်၊ ဥပဒေအချို့မှ ပေါ်ပေါက်လာစေသောအတားအဆီးများကို ဖယ်ရှားပေးရန်နှင့် ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများအတွက် ရန်ပုံငွေများ လုံလောက်စွာ ရရှိစေရေး ဆောင်ရွက်ရန်စသည့် လိုအပ်ချက်တို့ကို ထုတ်ဖော်ပြောကြားဆွေးနွေးခဲ့ပါသည်။

အလည်အပတ်ခရီးစဉ် နောက်ဆုံးနေ့တွင် ဒေါက်တာအိုဆိုတီမေဟင်သည် မြန်မာနိုင်ငံဆရာဝန်အသင်း၊ လူငယ်ဖွံ့ဖြိုးမှု အစီအစဉ်မှ လူငယ်ကိုယ်စားလှယ်ခေါင်းဆောင်များနှင့် တွေ့ဆုံရာ၌ ၎င်း၏ မြန်မာနိုင်ငံသို့ သုံးရက်ကြာအလည်အပတ်ခရီးစဉ်အကြောင်းကို ပြန်လည်ရှင်းလင်းပြောကြားခဲ့သည်။ လူငယ်များက အိပ်ချ်အိုင်ဗီ တားဆီးကာကွယ်ရေးအပါအဝင် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးပွားရရှိစေရေးအတွက် ၎င်းတို့၏ ကြိုးပမ်းဆောင်ရွက်နေမှုများကို တင်ပြခဲ့ကြရာတွင် ဒေါက်တာအိုဆိုတီမေဟင်က အလေးအနက်စူးစိုက် နားထောင်ပေးခဲ့သည်။ ဒေါက်တာအိုဆိုတီမေဟင်က လူငယ်များအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းသည် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့၏ ဦးစားပေးလုပ်ငန်းတစ်ရပ်ဖြစ်ကြောင်း၊ နေပြည်တော်တွင် နိုင်ငံခေါင်းဆောင်များနှင့် တွေ့ဆုံခဲ့ရာတွင်လည်း လူငယ်များ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်ရရှိလာစေမည့် မူဝါဒများချမှတ်ရာတွင် လူငယ်များ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်ရန် ကူညီလိုကြောင်း၊ ၎င်း၏ကမ်းလှမ်းမှုအား ခေါင်းဆောင်များက လက်ခံခဲ့ကြကြောင်းကိုလည်း ပြောကြားခဲ့သည်။ ထို့ပြင် အမှုဆောင်ညွှန်ကြားရေးမှူးက လူငယ်များအား ၎င်းတို့၏စွမ်းဆောင်ရည်များကို တိုးတက်သည်ထက်တိုးတက်အောင် မြှင့်တင်ကြရန်နှင့် ပြောင်းလဲမှုကို ဖော်ဆောင်သူများဖြစ်လာအောင် ကြိုးစားကြရန် တိုက်တွန်းအားပေးခဲ့သည်။ ထိုအားပေးစကားများနှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ ခိုင်မာသည့်ရပ်တည်မှုကို ပြသနိုင်ခဲ့ခြင်းကြောင့် လူငယ်များအနေနှင့် များစွာအားတက်ဝမ်းမြောက်ကာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက်ရှေ့ရှုပြီး ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကတိပြုခဲ့ကြပါသည်။



လူငယ်များ၏ ဘဝသာယာရေးနှင့် စွမ်းဆောင်ရည်မြှင့်တင်ပေးရေး၊ အမျိုးသမီးများ၏ မျိုးဆက်ပွားကျန်းမာရေးကိစ္စများတွင် ထောက်ခံပံ့ပိုးမှုရရှိရန် ဆွေးနွေးအပြီးတွင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာအိုဆိုတီမေဟင်အား နိဘယ်(လ်)ဆုရှင် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ၂၀၁၂ ခုနှစ် ဩဂုတ်လ(၂၇)ရက်နေ့တွင် နေပြည်တော်၌ တွေ့မြင်ရစဉ်။

# မိသားစုစီမံကိန်းဆိုင်ရာ လန်ဒန် ထိပ်သီးအစည်းဝေး–မြန်မာနိုင်ငံ၏ သားဆက်ခြားဝန်ဆောင်မှု လုပ်ငန်းများကို ပံ့ပိုးကူညီရန် ကတိကဝတ်များကို ဒေသတွင်း၊ မိတ်ဖက်များက ထပ်မံအတည်ပြုခြင်း




မိသားစုစီမံကိန်းဆိုင်ရာ လန်ဒန်ထိပ်သီးညီလာခံ၏ တောင်းဆိုတိုက်တွန်းမှုအား ထောက်ခံသည့်အနေဖြင့် မြန်မာနိုင်ငံ၏ သားဆက်ခြားဝန်ဆောင်မှုလုပ်ငန်းများကို ပံ့ပိုးကူညီရန် သတင်းစာရှင်းလင်းပွဲတွင် ဗြိတိန်ဖွံ့ဖြိုးမှုအဖွဲ့အစည်းတစ်ခုဖြစ်သော အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုဌာန (DFID) မာရီစတုပ်အင်တာနေရှင်နယ် (MSI) နှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့မှ ကိုယ်စားလှယ်များအား တွေ့မြင်ရစဉ်။

သက္ကရာဇ် ၂၀၂၀ခုနှစ်တွင် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများရှိ အမျိုးသမီးနှင့် မိန်းကလေးငယ် သန်းပေါင်း ၁၂၀တို့၏ အသက်ကို ကယ်တင်ပေးနိုင်သော သားဆက်ခြားဆိုင်ရာ သတင်းအချက်အလက်၊ စောင့်ရှောက်မှုနှင့် ဆေးဝါးပစ္စည်းများကို ၎င်းတို့တတ်နိုင်သောဈေးနှုန်းဖြင့် ရရှိစေနိုင်မည့် နည်းလမ်းများကို ရှာဖွေကြံဆောင်ပေးနိုင်ရန်အတွက် ဗြိတိန်အစိုးရ၊ ဘီလ်နှင့်မယ်လင်ဒါဂိတ်စ်ဖောင်ဒေးရှင်းတို့သည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် လက်တွဲ၍ ထူးခြားကြီးမားသည့် ကြိုးပမ်းအားထုတ်မှုကြီးတစ်ရပ်ကို ၂၀၁၂ခုနှစ်၊ ဇူလိုင်လ ၁၁ရက်နေ့တွင် စတင်ခဲ့ပါသည်။ ဤလန်ဒန်ထိပ်သီးညီလာခံတွင် အရည်အသွေးမြင့် မိသားစုစီမံကိန်း စောင့်ရှောက်မှုလုပ်ငန်းများကို လက်လှမ်းမီ အလွယ်တကူ ရရှိစေရေး၊ လက်ခံနိုင်စေရေးနှင့် လူအများသုံးစွဲနိုင်စေရေးအတွက် ကမ္ဘာလုံးဆိုင်ရာ ကတိကဝတ်များကို ရယူခဲ့ပါသည်။ မိသားစုစီမံကိန်း အစီအစဉ်များကို ပိုမိုအားဖြည့်ပေးမည့် နည်းဗျူဟာများကို အကြံပြုတင်ပြခဲ့ကြပြီး အိတ်ချ်အိုင်ဗီ ဝန်ဆောင်မှုလုပ်ငန်းများအပါအဝင် မျိုးဆက်ပွားကျန်းမာရေး၊ မိခင်၊ မွေးကင်းစနှင့် ကလေးကျန်းမာရေးအစီအစဉ်များတွင် မိသားစုစီမံကိန်းကို ပိုမိုကျယ်ပြန့်စွာ ပေါင်းစပ်ထည့်သွင်းရန်ကိုလည်း ဆွေးနွေးခဲ့ကြသည်။

ထိုနေ့တွင်ပင် ဗြိတိန်ဖွံ့ဖြိုးမှုအဖွဲ့အစည်းတစ်ခုဖြစ်သော အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဌာန (DFID)၊ မာရီစတုပ်အင်တာနေရှင်နယ် (MSI)နှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့က မိသားစုစီမံကိန်းအတွက် ပြည့်မီခြင်း မရှိသေးသည့် လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်၊ မလိုချင်ဘဲကိုယ်ဝန်ရရှိမှုနှင့် ကိုယ်ဝန်ဖျက်ချမှုများကို တားဆီးကာကွယ်ရန်နှင့် မိခင်၊ ကလေး သေဆုံးနှုန်းများကို လျှော့ချရန်အတွက် ပိုမိုအလေးထားကာ ပူးပေါင်းအားထုတ်ဆောင်ရွက်ကြရန် ထိပ်သီးညီလာခံ၏ တောင်းဆိုတိုက်တွန်းမှုအား ထောက်ခံသည့်အနေဖြင့် မြန်မာနိုင်ငံ၏မြို့တော် နေပြည်တော်၌ သတင်းစာရှင်းလင်းပွဲတစ်ရပ်ကို ကျင်းပခဲ့ပါသည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ကျန်းမာရေးအသုံးစရိတ်ကို တိုးမြှင့်သုံးစွဲသွားမည်ဖြစ်ကြောင်း၊ ကျန်းမာရေးဦးစီးဌာနမှလည်း မိခင်နှင့်ကလေးများ၏ ကျန်းမာရေးကိုမြှင့်တင်ရန် ရည်ရွယ်၍ သားဆက်ခြားဆေးဝါးပစ္စည်းများဆိုင်ရာ အသုံးစရိတ်ကို သီးသန့်ထည့်သွင်း လျာထားခဲ့ပါကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ကြေငြာချက်ထုတ်ပြန်ခဲ့ပါသည်။ အလားတူပင် ဗြိတိန်နိုင်ငံနှင့် အခြားအလှူရှင်များကလည်း မြန်မာနိုင်ငံတွင် ကျန်းမာရေးဆိုင်ရာ ထောင်စုနှစ်ရည်မှန်းချက်များ လျှင်မြန်စွာ ပြည့်မီစေရေးအတွက် ရန်ပုံငွေအသစ်များ ထပ်မံပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ဗြိတိန်နိုင်ငံအစိုးရသည် ကမ္ဘာတစ်ဝှမ်းနှင့် မြန်မာနိုင်ငံတွင် မိခင်နှင့်ကလေးကျန်းမာရေး တိုးတက်လာအောင် တစိုက်မတ်မတ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရှိ ကျန်းမာရေးစီမံကိန်းများအတွက် ငွေစတာလင်ပေါင်သန်း၈၀ကို လာမည့်လေးနှစ်တာကာလအတွင်း နိုင်ငံပေါင်းစုံမှ

အလှူရှင်များ ထောက်ပံ့သည့် ထောင်စုနှစ်ဖွံ့ဖြိုးမှုမျှော်မှန်းချက် သုံးရပ်ဆိုင်ရာ ရန်ပုံငွေ (Three MDG Fund) မှတစ်ဆင့် ပံ့ပိုးပေးသွားရန် ရည်ရွယ်ကြောင်းနှင့် ထိုသို့ပံ့ပိုးကူညီခြင်းဖြင့် မလိုချင်ဘဲကိုယ်ဝန်ရရှိမှုပေါင်း ၁၅၃,၀၀၀ကို တားဆီးရန်နှင့် အမျိုးသမီးပေါင်း ၅၇,၅၀၀အား ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုရရှိရန် ကူညီပေးနိုင်မည်ဖြစ်သည်’ ဟု အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဌာန၊ ညွှန်ကြားရေးမှူး ပေါလ်ဝှစ်တင်ဟန်က ပြောကြားခဲ့သည်။

မိသားစုစီမံကိန်း သို့မဟုတ် သားဆက်ခြားခြင်းသည် လူ့အသက်များကို ကယ်တင်ခြင်းနှင့် မိခင်နှင့်ကလေးများသေဆုံးခြင်း၊ နာမကျန်းဖြစ်ခြင်း၊ မသန်မစွမ်းဖြစ်ခြင်းနှင့် ဖွံ့ဖြိုးမှုနောက်ကျခြင်းတို့မှ ကာကွယ်ပေးခြင်းပင် ဖြစ်သည်။ မျိုးဆက်ပွားကျန်းမာရေး၏ အဓိကကျသော အခန်းကဏ္ဍဖြစ်သည့် သားဆက်ခြားဆိုင်ရာ သတင်းအချက်အလက်များ၊ ဆေးဝါးပစ္စည်းနှင့် စောင့်ရှောက်မှုများကို လက်လှမ်းမီရရှိနိုင်ခြင်းသည် အမျိုးသမီးတိုင်းနှင့် ရပ်ရွာလူထုတိုင်းအတွက် ရပိုင်ခွင့်တစ်ခုဖြစ်သကဲ့သို့ ၎င်းတို့၏ စွမ်းဆောင်ရည်မြင့်မား ဖွံ့ဖြိုးတိုးတက်စေရန် လိုအပ်ချက်တစ်ရပ်လည်း ဖြစ်သည်။ ‘မာရီစတုပ်အင်တာ နေရှင်နယ်၊ မြန်မာ’သည် ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်မှုဖြင့် ဒေသတွင်းနှင့် အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လက်တွဲကာ မြန်မာနိုင်ငံရှိ ရပ်ရွာလူထုများ အထူးသဖြင့် စောင့်ရှောက်မှုကောင်းစွာ မရရှိကြသူများအတွက် ထိုလိုအပ်ချက်များကို ပိုမိုလက်လှမ်းမီရရှိလာအောင် ဆောင်ရွက်လျက်ရှိနေပါ သည်’ ဟု ယင်းအဖွဲ့၏ ညွှန်ကြားရေးမှူး ဒေါက်တာစစ်နိုင်က ပြောကြားခဲ့ပါသည်။

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့သည် လွန်ခဲ့သည့် နှစ်ပေါင်း၃၀ ကာလအတွင်း မြန်မာနိုင်ငံတွင် ကျန်းမာရေးဝန်ကြီးဌာန၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လက်တွဲကာ မျိုးဆက်ပွားကျန်းမာရေးအစီအစဉ်များကို ပံ့ပိုးပေးခဲ့ပြီး သားဆက်ခြားဆေးဝါးပစ္စည်းများကို အဓိကပံ့ပိုးပေးနေသည့် အဖွဲ့အစည်း ဖြစ်ပါသည်။ သို့သော် မျိုးဆက်ပွားနိုင်သည့် အသက်အရွယ်အတွင်းရှိ အိမ်ထောင်ရှင်မြန်မာအမျိုးသမီး လေးပုံတစ်ပုံနီးပါးသည် သားဆက်ခြားနည်းလမ်းများကို သုံးစွဲလိုသော်လည်း သုံးစွဲနိုင်ခြင်းမရှိဟု ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၊ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် မစ္စတာမိုဟာမက် အဗ္ဗဒယ်လ်အာဟတ်က ပြောကြားခဲ့သည်။ မြန်မာနိုင်ငံရှိ မိခင်များသေဆုံးရခြင်းနှင့် မသန်မစွမ်းဖြစ်ရခြင်း၏ အဓိကအကြောင်းရင်းတစ်ခုဖြစ်သော အန္တရာယ်ရှိသည့် ကိုယ်ဝန်ဖျက်ချခြင်းကို ကာကွယ်နိုင်ရန်အတွက် အစိုးရနှင့်ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသော မိတ်ဖက်အဖွဲ့အစည်းများမှ ခေတ်မီသားဆက်ခြား ဆေးဝါးပစ္စည်းများကို ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခြင်းသည် အလွန်အရေးပါကြောင်းကိုလည်း ၎င်းကဆက်လက် ပြောကြားခဲ့သည်။



သတင်းစာရှင်းလင်းပွဲသို့တက်ရောက်လာသူများအားတွေ့ရစဉ်

# ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၏ ၂၀၁၂ခုနှစ်ကမ္ဘာ့လူဦးရေအခြေအနေအစီရင်ခံစာ




ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ကမ္ဘာ့လူဦးရေအခြေအနေ ၂၀၁၂ခုနှစ် အစီရင်ခံစာအား မိတ်ဆက်ပွဲအခမ်းအနားတွင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ဌာနေကိုယ်စားလှယ် မစ္စတာမိုဟာမက်အဗ္ဗဒယ်လ်အာဟတ်မှ မိသားစုစီမံကိန်းသည် အရေးကြီးပြီး ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးအကျိုးဖြစ်ထွန်းမှုအပေါ် သက်ရောက်မှုရှိကြောင်း တင်ပြနေစဉ်။

မိသားစုစီမံကိန်း၊ လူ့အခွင့်အရေးနှင့်ဖွံ့ဖြိုးတိုးတက်မှုများသည် တိုက်ဆိုင်မှုမဟုတ်၊ ရွေးချယ်မှုသာဖြစ်သည်။

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ ကမ္ဘာ့လူဦးရေအခြေအနေ၊ ၂၀၁၂ခုနှစ်အစီရင်ခံစာအား မိတ်ဆက်ပွဲအခမ်းအနားကို'မိသားစုစီမံကိန်း၊ လူ့အခွင့်အရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများသည် တိုက်ဆိုင်မှုမဟုတ်၊ ရွေးချယ်မှုသာဖြစ်သည်' ဟူသောဆောင်ပုဒ်ဖြင့် ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၁၄ရက်နေ့က နေပြည်တော်တွင်ကျင်းပခဲ့ပါသည်။ မိသားစု စီမံကိန်းအား လက်လှမ်းမီအသုံးပြုနိုင်ခြင်းသည် အလွန်အရေးကြီး လိုအပ်ချက်ဖြစ်သည့် အခြေခံလူ့အခွင့်အရေးတစ်ရပ်ဖြစ်ပြီး မည်သည့်အခါကမျှ မရှိခဲ့ဖူးသော လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ကောင်းကျိုးရလာဒ်များကို ယခင်ကနှင့်မတူ ထူးခြားစွာရရှိလာမည်ဖြစ်ကြောင်း ထိုဆောင်ပုဒ်က ဖော်ညွှန်းထားပါသည်။

ကမ္ဘာ့လူဦးရေအခြေအနေ၊ ၂၀၁၂ခုနှစ်အစီရင်ခံစာတွင် မိသားစုစီမံကိန်းနှင့် ရပိုင်ခွင့်များကိုအဓိကထား တင်ပြထားပြီး မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ဆုံးဖြတ်ချက်များကိုခွဲခြားဆက်ဆံခြင်း၊ ဖိအားပေးအတင်းအကြပ်ပြုလုပ်ခြင်းနှင့် အကြမ်းဖက်မှုများ ကင်းဝေးစွာဖြင့် ချမှတ်ပိုင်ခွင့်ရှိခြင်းသည် လူသားအားလုံးအတွက် ရပိုင်ခွင့်တစ်ခုဖြစ်သည် ဟူသောအချက်ကို အလေးပေးဖော်ပြထားပါသည်။

မိသားစုစီမံကိန်းသည်ဖွံ့ဖြိုးဆဲနှင့်ဖွံ့ဖြိုးပြီး တိုင်းပြည်များရှိလူများအားလုံး ရပိုင်ခွင့်ရှိသော လူ့အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း ရှင်းလင်းတင်ပြထားပါသည်။ ကျန်းမာရေး၊ မျိုးဆက်ပွားကျန်းမာရေးနှင့်မိသားစုစီမံကိန်းတို့အတွက် မူဘောင်အချို့ကို ရေးဆွဲတင်ပြပေးထားပြီး အမျိုးသားများလည်း ပူးပေါင်းပါဝင်လာရန် အလွန်အရေးကြီးကြောင်း ဆွေးနွေးထားပါသည်။ ထို့ပြင် လူမှုရေးဆိုင်ရာ နောက်ခံအခြေအနေများ၊ အသက်အရွယ်အုပ်စုများ ကွဲပြားသွားပါက လိင်မှုဆိုင်ရာအပြုအမူများ မည်သို့ပြောင်းလဲသွားသည်ဆိုသည်ကို ရှင်းပြထားပြီး ထိုပြောင်းလဲမှုပုံစံများသည် ယခင်ကပုံစံများနှင့်ကွဲပြားသထက် ကွဲပြားလာနေသည့်အတွက် မိသားစုစီမံကိန်းကို လူတိုင်းရရှိ လက်လှမ်းမီအောင် ဆောင်ရွက်ရာတွင် အတားအဆီး တစ်ရပ်ဖြစ်လာပုံတို့ကိုလည်း တင်ပြထားပါသည်။

ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာနီလာတင်က အဖွင့်အမှာစကားပြောကြားရာ၌ ကျန်းမာရေးဝန်ကြီးဌာနသည် မိခင်နှင့်ကလေး ကျန်းမာရေးစောင့်ရှောက်မှုများကို မြန်မာနိုင်ငံအမျိုးသားကျန်းမာရေး စီမံကိန်းတွင် ဦးစားပေးထည့်သွင်းထားကြောင်း ပြောကြားသွားပါသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနသည် မြန်မာနိုင်ငံ၏ သားဆက်ခြားဆေးဝါးပစ္စည်း လိုအပ်ချက် တစ်စိတ်တစ်ဒေသကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ဘဏ္ဍာရေးအသုံးစရိတ်ကို ထည့်သွင်းလျာထားကြောင်းကိုလည်း ပြောကြားသွားပါသည်။ အမျိုးသားစီမံကိန်းတွင် ချမှတ်ထားသောပန်းတိုင်များပြည့်မီနိုင်ရန်အတွက် အစိုးရဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ ပူးပေါင်းလက်တွဲဆောင်ရွက်ကြရန် အရေးကြီးကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ မိသားစု စီမံကိန်း စောင့်ရှောက်မှုလုပ်ငန်းများအတွက် ရန်ပုံငွေများထည့်ဝင်ကြရန်နှင့် နိုင်ငံအကြီးအကဲများမှ စိတ်ပါဝင်စားစွာပါဝင်ဆောင်ရွက်ကြရန် ၂၀၁၂ခုနှစ် ကမ္ဘာ့လူဦးရေအခြေအနေ အစီရင်ခံစာ၏ တိုက်တွန်းတောင်းဆိုမှုကိုကြိုဆိုကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက်ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ဌာနေကိုယ်စားလှယ် မစ္စတာမိုဟာမက်အဗ္ဗဒယ်လ်အာဟတ်က မိသားစုစီမံကိန်းသည်လူပုဂ္ဂိုလ်များနှင့် အိမ်ထောင်ရှင်စုံတွဲများအတွက် သားသမီးဦးရေ၊ သားသမီးယူမည့်အချိန်ကာလနှင့် ကလေးတစ်ယောက်နှင့်တစ်ယောက်ကြား အချိန်ကာလမည်မျှခြားမည်ဆိုသည်တို့ကို ဆုံးဖြတ်နိုင်စေမည့် လူ့အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်း မီးမောင်းထိုးပြသွားသည်။ မစ္စတာအာဟတ်က မိသားစုစီမံကိန်းမှရရှိစေမည့် လူမှုရေး၊ စီးပွားရေးဆိုင်ရာ အကျိုးကျေးဇူးများကို အသေးစိတ်ရှင်းလင်းပြောကြားသွားပြီး မိသားစုစီမံကိန်းကြောင့် အမျိုးသမီးများသည် မရည်ရွယ်ဘဲ၊ မလိုချင်ဘဲ ကိုယ်ဝန်ရရှိမှုနှင့် သားပျက်သားလျှောမှုများကို ရှောင်ရှားနိုင်ခြင်းဖြင့် အမျိုးသမီးများနှင့် ကလေးငယ်များ၏ အသက်ကို ကယ်တင်နိုင်ကြောင်းကိုလည်း ရှင်းပြသွားသည်။ သူကဆက်လက်၍ 'မျိုးဆက်ပွားနိုင်သော အသက်အရွယ်အတွင်းရှိ မြန်မာအမျိုးသမီးများ၏ လေးပုံတစ်ပုံနီးပါးသည် သားဆက်ခြားဆေးဝါးပစ္စည်းများကို သုံးစွဲလိုကြောင်း ထုတ်ဖော်ပြောဆိုခဲ့ကြသော်လည်း လက်လှမ်းမီအသုံးပြုနိုင်ခြင်းမရှိကြ' ဟု ဖြည့်စွက်ပြောကြားသွားသည်။ မျိုးဆက်ပွားကျန်းမာရေးနှင့် သားဆက်ခြားစောင့်ရှောက်မှုလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရ၏ စိတ်ပါဝင်စားစွာ ပါဝင်ဆောင်ရွက်မှုများကို ချီးကျူးပြောကြားသွားပြီး ၂၀၁၂ခုနှစ်အတွက် သားဆက်ခြားဆေးဝါးပစ္စည်း လိုအပ်ချက် ခန့်မှန်းခြေငွေ ဒေါ်လာသန်းပေါင်း ၅. ၈သန်းကို ဖြည့်ဆည်းပေးနိုင်လျှင် မိခင်နှင့်မွေးကင်းစကလေး သေဆုံးမှုများကို လျှော့ချနိုင်မည်ဟုလည်း အလေးအနက် ပြောကြားခဲ့သည်။ မစ္စတာအာဟတ်က ကုလသမဂ္ဂလူဦးရေရန်ပုံငွေ အဖွဲ့အမှုဆောင် ဒါရိုက်တာဒေါက်တာဘာဘာတွန်ဒေးအိုဆိုတီမေဟင်၏ 'လက်ရှိနှင့် အနာဂတ်၏ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ဦးဆောင်လှုပ်ရှားမှုများအားလုံးတွင် မိသားစုစီမံကိန်းကို အပြည့်အဝ ပေါင်းစပ်ထည့်သွင်းသွားရမည်၊ ထိုဆောင်ရွက်ရမည့်လုပ်ငန်းများတွင် ၂၀၁၅ ခုနှစ် နောက်ပိုင်းထောင်စုနှစ်ရည်မှန်းချက် များပေါ်တွင် အခြေခံတည်ဆောက်သွားမည့် ကမ္ဘာလုံးဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှု မူဘောင်သည်လည်း အပါအဝင်ဖြစ်သည်' ဟူသည့်စကားကိုလည်း ကိုးကားတင်ပြသွားပါသည်။

ကျန်းမာရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသိဂီမြင့်က မြန်မာနိုင်ငံ၏ အတွေ့အကြုံများကိုထင်ဟပ်ပြနိုင်ရန်အတွက် မြန်မာနိုင်ငံ၏ သားဆက်ခြားဆိုင်ရာ အမျိုးသားအဆင့်အစီအစဉ်ကို တင်ပြသွားပြီး မာရီစတုပ် အင်တာနေရှင်နယ်၏ ညွှန်ကြားရေးမှူး ဒေါက်တာစစ်နိုင်က စောင့်ရှောက်မှုပေးသူများသည် ကျေးလက်ဒေသရှိ ဝင်ငွေနည်းပါးပြီး ပညာအဆင့်အတန်းနိမ့်ကျသော မိသားစုများကို ဦးတည်ချက်ထားကာ ၎င်းတို့ လက်လှမ်းမီနိုင်သော၊ အဆင်ပြေလွယ်ကူစွာ အသုံးပြုနိုင်သော မိသားစုစီမံကိန်း စောင့်ရှောက်မှုများပေးရန်လိုအပ်ကြောင်း ပြောကြားသွားသည်။ ထို့နောက် အင်ဒိုနီးရှားနှင့်ဖိလစ်ပိုင်သံရုံးများမှ ၎င်းတို့နိုင်ငံများ၏အတွေ့အကြုံများကို မျှဝေပေးမှုအပါအဝင် အလွန်အကျိုးများသော ဆွေးနွေးမှုနှင့် ရှင်းလင်းပြောကြားပေးမှုများကိုလည်း ပြုလုပ်ခဲ့ကြပါသည်။

ယခုနှစ်အစီရင်ခံစာသည် မိသားစုစီမံကိန်းအား အမျိုးသမီးများ၊ အမျိုးသားများနှင့်လူငယ်များအားလုံး လက်လှမ်းမီရရှိစေရန် နည်းလမ်းအမျိုးမျိုး အသုံးပြုကာဆောင်ရွက်ရန်နိုးဆော်ထားပါသည်။ ထို့ပြင် ကမ္ဘာ့နိုင်ငံများအား ကျန်းမာရေးစနစ်အားကောင်းအောင်ဆောင်ရွက်ခြင်း၊ လူတစ်ဦးချင်းစီ၏ ရပိုင်ခွင့်များကိုကာကွယ်စောင့်ရှောက်ပေးသော ဥပဒေများကိုပြဌာန်းခြင်းနှင့် လိုက်နာစေခြင်း၊ ဆင်းရဲမွဲတေမှုကိုလျှော့ချခြင်း၊ အန္တရာယ်ရှိသောရိုးရာ ဓလေ့ထုံးစံများကို ပယ်ဖျက်ရန်ကြိုးပမ်းခြင်း၊ ကလေးငယ်များကို စောစီးစွာ အိမ်ထောင်ချပေးခြင်းကို တိုက်ဖျက်ခြင်း၊ သယ်ယူထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ နှောင့်နှေးကြန့်ကြာမှုများကိုဖယ်ရှားခြင်းနှင့် သားဆက်ခြားဆေးဝါးပစ္စည်းများကို ရွေးချယ်စရာအမျိုးအစားစုံလင်စွာရရှိအောင် ဆောင်ရွက်ပေးခြင်းတို့ကို တစ်ပြိုင်နက်တည်း ကြိုးစားဆောင်ရွက်ကြရန်ကိုလည်း ဤအစီရင်ခံစာက အကြံပြုထားပါသည်။

# ၂၀၁၂ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ သက်ကြီးရွယ်အို အဘိုးအဘွားများအား ဂုဏ်ပြုခြင်း

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ နိုင်ငံတကာ သက်ကြီးရွယ်အို စောင့်ရှောက်ရေးအဖွဲ့ Help Age International Myanmar တို့နှင့် ပူးပေါင်း၍ ကုလသမဂ္ဂလူဦးရေရန်ပုံ ငွေအဖွဲ့သည် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို အောက်တိုဘာ ၁ရက်၊ ၂၀၁၂ ခုနှစ်တွင် နေပြည်တော်၌ ကျင်းပခဲ့ပါသည်။ ယခုနှစ်၏ ဆောင်ပုဒ်မှာ 'သက်ရွယ်စုံညီ၊ လူ့ဘောင်ဆီသို့' 'Longevity: Shaping the Future' ဖြစ်ပါသည်။ အခမ်းအနားသို့ အစိုးရအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများနှင့် သံတမန်များ၊ နိုင်ငံတစ်ဝှမ်းမှ သက်ကြီးရွယ်အို ၁၃၀ အပါအဝင် နယ်ပယ်စုံမှ သက်ဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါ်မြတ်မြတ်အုန်းခင်မှ အဖွင့်မိန့်ခွန်းပြောကြားရာတွင် တက်ကြွ၍ကျန်းမာသော သက်ကြီးရွယ်အိုဘဝရရှိရန် အရေးကြီးပုံ၊ သက်ကြီးရွယ်အိုများ၏ ဘဝအရည်အသွေးတိုးတက်မြင့်မားစေမည့် လုပ်ငန်းယန္တရားတစ်ခုကို တည်ဆောက်ရန် လိုအပ်ပုံ၊ သက်ကြီးရွယ်အို အမျိုးသမီးများ၏ ကျားမလူမှုဘဝဆိုင်ရာ ကိစ္စရပ်များနှင့် အထူးလိုအပ်ချက်များကို ပိုမိုအာရုံစိုက်ဖြည့်ဆည်း ဆောင်ရွက်ပေးဖို့ လိုအပ်ပုံတို့ကို အလေးထားပြောကြားသွားပါသည်။ ပြည်ထောင်စုဝန်ကြီးက ပြောကြားရာ၌ သက်ကြီးရွယ်အိုအချိုးအစားသည် ၂၀၀၇ခုနှစ်တွင် လူဦးရေ၏ ၈.၇%ရှိခဲ့ရာမှ ၂၀၁၀ခုနှစ်တွင် ၉.၁%သို့ တိုးမြင့်လာခဲ့ပြီး ၂၀၅၀ခုနှစ်တွင် ၂၀%သို့ ရောက်ရှိလိမ့်မည်ဟု ခန့်မှန်းတွက်ချက်ထားကြောင်း၊ 'နိုင်ငံတော်သည် သက်ကြီးရွယ်အိုများအား စောင့်ရှောက်ပါမည်'ဟု ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ဖော်ပြပါရှိသည့်အတိုင်း နိုင်ငံတော် အစိုးရသည် သက်ကြီးရွယ်အိုများ စောင့်ရှောက်ကုသမှုလုပ်ငန်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့မှတစ်ဆင့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် လက်တွဲ၍ ဆောင်ရွက်လျှက် ရှိပါသည်ဟု ပြောကြားသွားခဲ့သည်။

မြန်မာနိုင်ငံ၏ လူဦးရေနှင့် ဖွားသေမှုနှုန်းများ အသွင်ပြောင်းလဲလာမှု အခြေအနေကို မှန်ကန်ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်ရန်အတွက် ဆက်စပ်ဆောင်ရွက်ရမည့် ကဏ္ဍ-၂ရပ်ပါသော မူဝါဒချမှတ်ရန် လိုအပ်ကြောင်းကို ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့ မြန်မာနိုင်ငံဌာနေကိုယ်စားလှယ် မစ္စတာ မိုဟာမက်အဗ္ဗဒယ်လ်အာဟတ်က တိုက်တွန်းပြောကြားပါသည်။ ပထမတစ်ခုမှာ လူဦးရေ၏ ၆၀%နီးပါးသည် အလုပ်လုပ်နိုင်သော အသက်အရွယ် (၁၅နှစ်မှ ၅၉နှစ်) အတွင်း ရှိနေသော လူဦးရေအခွင့်အလမ်းကို အသုံးချနိုင်မည့် မူဝါဒများဖြစ်သည်။ တစ်ဦးချင်းဝင်ငွေ၊ စုဆောင်းငွေနှင့် ရင်းနှီးမြှုပ်နှံမှုတို့ တိုးမြင့်လာရန်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုနိုင်ရန် ထိုအသက်အရွယ်အုပ်စုအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးမည့်၊ လူမှုရေးဝန်ဆောင်မှုများကို ပိုမိုလက်လှမ်းမီအသုံးပြုနိုင်စေမည့် မူဝါဒများ ချမှတ်ရန် လိုအပ်ပါသည်။ ဒုတိယတစ်ခုမှာ ရပိုင်ခွင့်၊ လိုအပ်ချက်၊ နှစ်သက်မှုနှင့် စွမ်းဆောင်နိုင်မှုတို့ကို ထည့်သွင်းစဉ်းစားပြီး သက်ကြီးရွယ်အိုများ၏ ကျန်းမာရေး ပါဝင်ဆောင်ရွက်နိုင်ရေးနှင့် လုံခြုံမှုတို့ကို ရည်ရွယ်ချမှတ်သည့် "ကျန်းမာတတ်ကြွ သက်ကြီးရွယ်အိုဘဝ" မူဝါဒများ ဖြစ်သည်။ ထိုမူဝါဒနှစ်ပိုင်းစလုံးသည် ရပိုင်ခွင့်ကို အခြေခံရမည်ဖြစ်ပြီး လူမှုအသိုင်းအဝိုင်းအတွင်း ထည့်သွင်းပါဝင်စေရန်နှင့် သာတူညီမျှရှိရန်လည်း သေချာစေရန် လိုအပ်ပါသည်။ နိုင်ငံတော်အစိုးရ၊ ကုလသမဂ္ဂလူဦးရေ ရန်ပုံငွေအဖွဲ့နှင့် နိုင်ငံတကာ သက်ကြီးရွယ်အို စောင့်ရှောက်အကူအညီပေးရေးအဖွဲ့တို့ပူးပေါင်း၍ မကြာသေးမီက ဆောင်ရွက်ခဲ့သော "သက်ကြီးရွယ်အိုများ၏ လူမှုစီးပွားဆိုင်ရာ ထူးခြားသော သွင်ပြင်လက္ခဏာရပ်များ လေ့လာမှုစစ်တမ်း" မှ ထွက်ပေါ်လာသည့် အကြံပြုချက်များကိုလည်း မီးမောင်းထိုးပြသွားခဲ့ပါသည်။ ထိုအကြံပြုချက်များတွင် သက်ကြီးရွယ်အိုဆိုင်ရာ အမျိုးသားလုပ်ငန်းအစီအစဉ်မူကြမ်းအား အချောသတ်ရေးဆွဲရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ရှင်းလင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုသတ်မှတ်ထားသည့် သက်ကြီးရွယ်အိုများအတွက် လူမှုလုံခြုံရေး စနစ်တစ်ခုကို တည်ဆောက်ခြင်းဖြင့် မိသားစုများ၏ ပြုစုစောင့်ရှောက်မှုကို ဖြည့်စွက်ကူညီရန်၊ သက်ကြီးရွယ်အိုအမျိုးသမီးများ၏ ထိခိုက်လွယ်မှုများကို ကာကွယ်စောင့်ရှောက်ဖြေရှင်းပေးရန်နှင့် သက်ကြီးရွယ်အိုဆိုင်ရာ ကိစ္စရပ်များကို ငယ်ရွယ်သူများအား ပညာပေးရန်တို့ ပါဝင်ပါသည်။

မြန်မာနိုင်ငံတွင် ကျင်းပခဲ့သော ထိုအထိမ်းအမှတ်အခမ်းအနားတွင် အခမ်းအနားဖြစ်မြောက်ရေးအတွက် ထည့်ဝင်လှူဒါန်းခဲ့သော အလှူရှင်များကို ဂုဏ်ပြုလက်မှတ်များ ချီးမြှင့်ခဲ့ပါသည်။ အခမ်းအနားသို့ တက်ရောက်လာသော သက်ကြီးရွယ်အိုများကိုလည်း လက်ဆောင်ပစ္စည်းနှင့်ဆေးဝါးများ

စာမျက်နှာ (၁၁)သို့



အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို ၂၀၁၂ ခုနှစ် အောက်တိုဘာ(၁)ရက်နေ့တွင် နေပြည်တော်၌ကျင်းပနေစဉ် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ဌာနေကိုယ်စားလှယ် မစ္စတာမိုဟာမက်အဗ္ဗဒယ်လ်အာဟတ်မှ လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်မြတ်မြတ်အုန်းခင်အား UNFPA ပံ့ပိုးငွေကို ပေးအပ်စဉ်။

စာမျက်နှာ(၁၁)မှ

ပေးအပ်ခဲ့ပါသည်။ တက်ရောက်လာသူများထဲတွင် အသက်အရှည်ဆုံး၁၁ဝနှစ်ရှိအဘိုး နှင့် ၁၂ဝနှစ်ရှိ အဘွားတို့လည်း ပါဝင်ပါသည်။ သက်ကြီးရွယ်အိုများကူညီစောင့်ရှောက်ရေးကိုယ်ထူကိုယ်ထအဖွဲ့မှ အဖွဲ့ဝင်တစ်ဦးက ၎င်းတို့၏ လှုပ်ရှားဆောင်ရွက်မှုများနှင့် သက်ကြီးရွယ်အို အဘိုးအဘွားများ၏ ရပိုင်ခွင့်နှင့် လိုအပ်ချက်များကို ဆွေးနွေးတင်ပြသွားပါသည်။

ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီးသည် သက်ကြီးရွယ်အိုများအား လူမှုအဖွဲ့အစည်း၏ ဝန်ထုပ်ဝန်ပိုးမဟုတ်ဘဲ အဖိုးတန်ပိုင်ဆိုင်မှုများအဖြစ် အသိအမှတ်ပြုခြင်းဖြင့် သက်ကြီးရွယ်အိုအချို့အစား မြင့်မားလာမှုအပေါ် ပိုမိုကောင်းမွန်သော အမြင်များရှိလာစေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အတွက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် မစ္စတာဘန်ကီမွန်းက ပေးပို့သော သဝဏ်လွှာတွင် 'အသက်ရှည်ခြင်းသည် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ၏ စွမ်းဆောင်အောင်မြင်မှုတစ်ခု ဖြစ်ပါသည်။ လူမှုရေး သို့မဟုတ် စီးပွားရေးဆိုင်ရာ ဝန်ထုပ်ဝန်ပိုးတစ်ခု မဟုတ်ပါ။ ယနေ့ အပြည်ပြည်ဆိုင်ရာသက်ကြီးရွယ်အိုများနေ့တွင် အဘိုးအဘွားများ၏ ဘဝသာယာစိုပြေမှုရှိစေရေးကို ဆောင်ရွက်ပေးဖို့ ကတိပြုကြပါစို့။ အဘိုးအဘွားများ၏ အသိပညာဗဟုသုတများနှင့် စွမ်းဆောင်ချက်များကြောင့် ကျွန်ုပ်တို့အားလုံး အကျိုးကျေးဇူးများ ရရှိခံစားနိုင်မည်ဖြစ်သည့်အတွက် အဘိုးအဘွားများအား လူ့ဘောင်ကောင်းကျိုးအတွက် အဓိပ္ပါယ်ပြည့်ဝစွာ ပါဝင်ဆောင်ရွက်ပေးကြပါရန် တောင်းဆိုကြပါစို့' ဟု ပြောကြားထားပါသည်။




၂ဝ၁၂ ခုနှစ် အောက်တိုဘာ(၁)ရက်နေ့ နေပြည်တော်၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားသို့ တက်ရောက်လာကြသော သက်ကြီးရွယ်အိုများကူညီစောင့်ရှောက်ရေး ကိုယ်ထူကိုယ်ထအဖွဲ့ဝင်များအား တွေ့မြင်ရစဉ်။

# သက်ကြီးရွယ်အိုအရေး ထည့်သွင်းစဉ်းစားပေး

မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အိုများ၏ အခြေအနေနှင့် သက်ဆိုင်သော သတင်းအချက်အလက်များ နည်းပါးနေပါသေးသည်။ သက်ကြီးရွယ်အိုများ၏ အခြေခံစရိုက်သဘာဝများကို ကိုယ်စားပြုဖော်ပြပေးနိုင်သော လတ်တလော သတင်းအချက်အလက်များ မရှိသလောက်နည်းပါးနေခြင်း၏ အကြောင်းရင်းတစ်ခုမှာ ပြည်လုံးကျွတ်လူဦးရေသန်းခေါင်စာရင်း ကောက်ယူမှုကို ၁၉၈၃ ခုနှစ်နောက်ပိုင်း ဆောင်ရွက်နိုင်မှု မရှိခဲ့ခြင်းကြောင့် ဖြစ်သည်။ မြန်မာနိုင်ငံတွင် သက်ကြီးရွယ်အိုများအတွက် လူမှုလုံခြုံရေးစောင့်ရှောက်မှုလုပ်ငန်းများမှာ စီမံကိန်းများရေးဆွဲနေဆဲအဆင့်တွင်ပင် ရှိနေသေးပြီး စောင့်ရှောက်မှုလုပ်ငန်းများ လွှမ်းခြုံနိုင်မှုမှာလည်း လက်ရှိအခြေအနေတွင် အကန့်အသတ်များ ရှိနေပါသည်။ မိမိဖာသာရပ်တည်နိုင်ခြင်းမရှိသော သက်ကြီးရွယ်အိုများသည် ၎င်းတို့၏မိသားစုများ၊ အထူးသဖြင့် အရွယ်ရောက်သားသမီးများကိုသာ အဓိက မှီခိုအားထားနေရပါသည်။ မြန်မာနိုင်ငံ၏ မျိုးဆက်ပွားနှုန်းမှာ ကျဆင်းလာသည့်အားလျော်စွာ မိသားစုအရွယ်အစားများမှာ ပျမ်းမျှအားဖြင့် ပိုမို သေးငယ်လာသည့်အတွက် နောင်အနာဂတ်တွင် သက်ကြီးရွယ်အိုများအား ထောက်ပံ့ပေးနိုင်သော ဝင်ငွေရှာဖွေနိုင်သည့် အသက်အရွယ်ရှိသူ အရေအတွက်မှာ ပိုမိုနည်းပါးလာမည် ဖြစ်ပါသည်။

၂ဝ၁၂ခုနှစ် မြန်မာနိုင်ငံသက်ကြီးရွယ်အိုစစ်တမ်းကို မြန်မာနိုင်ငံ၏ ဒေသကြီးများတွင် ကောက်ယူခဲ့ရာ ယင်းစစ်တမ်းသည် နိုင်ငံတွင်းရှိ သက်ကြီးရွယ်အိုများ၏ အခြေအနေကို ကိုယ်စားပြုနိုင်သော နမူနာအရေအတွက်ရှိသည့် ပထမဦးဆုံးသော စစ်တမ်းဖြစ်ပါသည်။ ထိုစစ်တမ်းက သက်ကြီးရွယ်အိုများ၏ လိုအပ်ချက်၊ အရေးကိစ္စများနှင့် လူ့အဖွဲ့အစည်းအတွက် ပါဝင်ကူညီဆောင်ရွက်နိုင်မှု ဆိုင်ရာ ခိုင်လုံသည့် အထောက်အထားများကို ပေးနိုင်သည့်အတွက် အနာဂတ်တွင် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ပုံစံရေးဆွဲခြင်းနှင့် သက်ကြီးရွယ်အိုဆိုင်ရာ မူဝါဒများ ချမှတ်ခြင်းတို့အတွက် အထောက်အကူရနိုင်ပါသည်။

နိုင်ငံ၏လူမှုရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကြောင်းအချက် အချို့သည် မြန်မာနိုင်ငံရှိ သက်ကြီးရွယ်အိုများ၏ ဘဝသာယာစိုပြေမှုအပေါ် အကျိုးသက်ရောက်မှုရှိနိုင်ကြောင်း ထိုအစီရင်ခံစာက ဖော်ပြထားပါသည်။ ဥပမာ - နိုင်ငံ၏ စီးပွားရေး ဆက်လက်ဖွံ့ဖြိုးတိုးတက်လာမည်ဆိုပါက အရွယ်ရောက်သားသမီးများသည် စီးပွားရေးအခြေအနေ ပိုမိုကောင်းမွန်လာပြီး မိဘများကို ရုပ်ပိုင်းဆိုင်ရာ ထောက်ပံ့မှုများ ပိုမို ပေးနိုင်လာမည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်အစိုးရ၏ ထောက်ပံ့မှုများလည်း ပိုမို ကျယ်ပြန့်လာနိုင်လာပြီး မိဘဘိုးဘွားများသည် အရွယ်ရောက်သားသမီးများအပေါ် မှီခိုရမှုများ လျော့ပါးလာနိုင်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံရှိ နောင်လာမည့် သက်ကြီးရွယ်အိုမျိုးဆက်များ၏ ဘဝသာယာစိုပြေရေးအပေါ် မိသားစုအရွယ်အစား ကျဆင်းလာမှု၏ အကျိုးသက်ရောက်မှုသည် မျက်ခြေမပြတ် စောင့်ကြည့်နေရမည့် အရေးပါသော ကိစ္စရပ်တစ်ခုဖြစ်နေပြီး သက်ကြီးရွယ်အိုဦးရေ တိုးပွားလာခြင်းကို တုံ့ပြန်ဆောင်ရွက်သည့် မူဝါဒများနှင့်အစီအစဉ်များတွင် ဤအချက်ကို ထည့်သွင်းစဉ်းစား အရေးယူဆောင်ရွက်ရမည် ဖြစ်ပါသည်။

အစီရင်ခံစာက သက်ကြီးရွယ်အိုဆိုင်ရာ အမျိုးသားလုပ်ငန်း အစီအစဉ်မူကြမ်းအား အချောသတ်ရေးဆွဲရန်နှင့် အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ ရှင်းလင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုထားသည့် လူမှုဖူလုံရေးစနစ်တစ်ခုကို တည်ဆောက်ခြင်းဖြင့် သက်ကြီးရွယ်အိုများအတွက် မိသားစုများ၏ ပြုစုစောင့်ရှောက်မှုကို ဖြည့်စွက်ကူညီရန်၊ သက်ကြီးရွယ်အိုအမျိုးသမီးများ၏ ထိခိုက်လွယ်မှုများကို ဖြေရှင်းပေးရန်နှင့် သက်ကြီးရွယ်အိုဆိုင်ရာ ကိစ္စရပ်များကို ငယ်ရွယ်သူများအား ပညာပေးရန် လိုအပ်ကြောင်းတို့ကိုလည်း အလေးပေးဖော်ပြထားပါသည်။

ထိုစစ်တမ်းအစီရင်ခံစာကို ၂ဝ၁၃ခုနှစ် နှစ်ဆန်းပိုင်းတွင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့၊ မြန်မာနိုင်ငံ၏ အင်တာနက်ဝက်ဆိုဒ်၌ ရရှိနိုင်ပါသည်။



# ၂၀၁၄ ခုနှစ်အလွန် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံနှင့်ပတ်သက်၍ မြန်မာနိုင်ငံ၏ ပြန်လည်သုံးသပ်ဆန်းစစ်ချက်

၂၀၁၄ ခုနှစ်အလွန် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုညီလာခံနှင့် ပတ်သက်၍မြန်မာနိုင်ငံ၏ပြန်လည်သုံးသပ်ဆန်းစစ်ချက်ဆိုင်ရာ အမျိုးသားအဆင့်ဆွေးနွေးပွဲကို ၂၀၁၂ ခုနှစ်အောက်တိုဘာလ(၂၄)ရက်နေ့တွင် နေပြည်တော်၌ ကျင်းပနေစဉ်။

၁၉၉၄ခုနှစ် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံတွင် နိုင်ငံပေါင်း ၁၇၉နိုင်ငံမှ အစိုးရများက အနှစ်နှစ်ဆယ်လုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရန် ကတိပြုခဲ့ကြပါသည်။ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုသည် သီးခြားစီခွဲထုတ်၍မရအောင် ဆက်စပ်နေပြီး အမျိုးသမီးများအား စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းနှင့် ပြည်သူလူထု၏ မျိုးဆက်ပွား ကျန်းမာရေးအပါအဝင် ကျန်းမာရေး၊ ပညာရေးလိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းသည် လူတစ်ဦးချင်းစီ၏ တိုးတက်မှုနှင့် ဟန်ချက်ညီသော ဖွံ့ဖြိုးမှုအတွက်ပါ လိုအပ်ကြောင်း ထိုလုပ်ငန်းစဉ်များက မီးမောင်းထိုးပြနေပါသည်။

မြန်မာနိုင်ငံသည် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုညီလာခံက ချမှတ်ထားသော လုပ်ငန်းအစီအစဉ်နှင့် ထောင်စုနှစ်ရည်မှန်းချက်များကို ပြည့်မီအောင်ဆောင်ရွက်ရန် ကတိပြုထားခဲ့ပြီး ဖွံ့ဖြိုးမှုစီမံကိန်းများနှင့်အစီအစဉ်များကို ရေးဆွဲအကောင်အထည်ဖော်ကာ တက်ကြွစွာ ကြိုးပမ်းဆောင်ရွက်လျက် ရှိပါသည်။ ထိုသို့သော အချိန်ကာလတွင် အပြည်ပြည်ဆိုင်ရာလူဦးရေနှင့် ဖွံ့ဖြိုးမှုညီလာခံလုပ်ငန်းစဉ်၏ အနှစ်နှစ်ဆယ်မြောက် နှစ်ပတ်လည်နေ့သို့ ရောက်ရှိရန် နှစ်နှစ်တာမျှသာ လိုတော့သည့်အတွက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့သည် ‘၂၀၁၄ခုနှစ်အလွန် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုညီလာခံ’ ကမ္ဘာလုံးဆိုင်ရာ လေ့လာဆန်းစစ်မှုကို တာဝန်ယူ ဆောင်ရွက်ပေးခဲ့ပါသည်။ ထိုသို့ဆန်းစစ်ရခြင်း၏ ရည်ရွယ်ချက်မှာ လုပ်ငန်းစဉ်မှ ချမှတ်ထားသော ပန်းတိုင်များဆီသို့ ရောက်ရှိအောင် ကြိုးပမ်းနေသော ကမ္ဘာ့နိုင်ငံများ၏ တိုးတက်အောင်မြင်မှုများကို တိုင်းတာရာတွင် အကူအညီပေးရန်နှင့် ၎င်းတို့၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံအဆင့်ကြိုးပမ်းမှုများတွင် တွေ့ရှိရသော အဓိကကျသည့် ကွာဟချက်များနှင့် အားနည်းချက်များကို ဖြေရှင်းဖြည့်စွက်နိုင်မည့် နည်းလမ်းများ ရှာဖွေပေးရန်တို့ဖြစ်သည်။

မြန်မာနိုင်ငံတွင် ပြုလုပ်သော ‘၂၀၁၄ခုနှစ်အလွန် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ’ လေ့လာဆန်းစစ်ချက်ကို လူဦးရေနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အမျိုးသားကော်မရှင်က ဦးဆောင်ခဲ့ပါသည်။ ထိုကော်မရှင်နှင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့သည် အမျိုးသားအဆင့် သုံးသပ်ဆန်းစစ်မှု လုပ်ငန်းယန္တရားတစ်ခုကို ဖော်ဆောင်ခဲ့ပြီး နည်းပညာပိုင်းဆိုင်ရာ သုံးသပ်ဆန်းစစ်မှုကော်မတီကို ဝန်ကြီးဌာနများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ အဖွဲ့ဝင်များနှင့် ဖွဲ့စည်းခဲ့ပါသည်။ အစိုးရဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများရှိ ကိုယ်စားလှယ်များထံမှ လေ့လာဆန်းစစ်ချက်မေးခွန်းလွှာနှင့် ပတ်သက်၍ တုံ့ပြန်ဖြေကြားချက်များကို ပညာရှင်များက စုစည်းဆန်းစစ်ခဲ့ကြပါသည်။ ဆန်းစစ်မှုမေးခွန်းလွှာတွင် ပါဝင်သင့်သော အချက်အလက်များကို အတည်ပြုရန်အတွက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနတို့ ပူးပေါင်း၍ အလုပ်ရုံ ဆွေးနွေးပွဲတစ်ခုကို နေပြည်တော်တွင် စက်တင်ဘာ ၁၄ရက်၊ ၂၀၁၂ ခုနှစ်တွင် ကျင်းပခဲ့ပါသည်။

‘၂၀၁၄ခုနှစ်အလွန် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ’ ကမ္ဘာလုံးဆိုင်ရာ ဆန်းစစ်ချက် မေးခွန်းလွှာမှ တွေ့ရှိချက်များကို လူဦးရေနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အမျိုးသားကော်မရှင်နှင့် လူဦးရေနှင့်ဖွံ့ဖြိုးမှုဆိုင်ရာ ပြည်သူ့လွှတ်တော်ကော်မတီများသို့ တင်ပြရန်အတွက် အမျိုးသားအဆင့်စုံညီ အစည်းအဝေးတစ်ခုကိုလည်း ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနတို့ ပူးပေါင်း၍ အောက်တိုဘာ ၂၄ရက်၊ ၂၀၁၂ ခုနှစ်တွင် နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ပါသည်။ ထိုအစည်းအဝေးတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဝန်ကြီးဦးခင်ရီက အဖွင့်အမှာစကားပြောကြားရာ၌ လေ့လာဆန်းစစ်မှုရလာဒ်များသည် မြန်မာလူထု၏ ဘဝအရည်အသွေးဆိုင်ရာ အခြေအနေများကို ထင်ဟပ်ပြသနိုင်သည့်အတွက် အလွန်အရေးကြီးကြောင်း အလေးပေးပြောကြားသွားသည်။ မေးခွန်းလွှာအပေါ် တုံ့ပြန်ဖြေကြားချက်များကို အတည်ပြုနိုင်ရန်အတွက် ဝန်ကြီးဌာနအသီးသီးမှ တုံ့ပြန်ဖြေကြားပေးသူများအားလုံး၏ ပါဝင်ကူညီဆောင်ရွက်မှုများကိုလည်း အသိအမှတ်ပြုကျေးဇူးတင်စကား ပြောကြားသွားခဲ့သည်။ ထို့ပြင် ဝန်ကြီးက ‘ယခုဆန်းစစ်မှု၏ တွေ့ရှိချက်ရလာဒ်များသည် အမျိုးသားအဆင့် လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အနာဂတ်စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် အထောက်အကူဖြစ်လိမ့်မည်’ ဟုလည်း ဖြည့်စွက်ပြောကြားသွားပါသည်။

ယခု သုံးသပ်ဆန်းစစ်မှုသည် အပြည်ပြည်ဆိုင်ရာလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံ၏ မျှော်မှန်းချက်များကို အကောင်အထည်ဖော်ရာ၌ လွန်ခဲ့သည့် ငါးနှစ်မှဆယ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ အောင်မြင်တိုးတက်မှုများကို အကဲဖြတ်သုံးသပ်ခြင်းနှင့်အတူ ယခု တိုင်းပြည်တွင် ဖြစ်ပေါ်နေသည့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများအပါအဝင် လက်ရှိအခြေအနေများကိုပါ ဆန်းစစ်နိုင်ပါလိမ့်မည်။ မြန်မာနိုင်ငံသည် အချို့ကဏ္ဍများတွင် သိသာထင်ရှားသည့် တိုးတက်မှုများရရှိခဲ့ကြောင်း ဆန်းစစ်ချက်ရလာဒ်များက ပြသနေသည့် တစ်ချိန်တည်းတွင် မူဝါဒချမှတ်သူများအနေဖြင့် အပြည်ပြည်ဆိုင်ရာလူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်မှုညီလာခံပန်းတိုင်များနှင့် ထောင်စုနှစ်ရည်မှန်းချက်များ အကောင်အထည်ဖော်မှုအား အဟန့်အတားဖြစ်စေသည့် ကွာဟချက်များကို ဖြည့်စွက်ပေးနိုင်ရန်အတွက် ပိုမိုအားထုတ်ကြိုးပမ်းရန် လိုအပ်နေသေးကြောင်းကိုလည်း တွေ့ရှိရပါသည်။ ဤလေ့လာဆန်းစစ်ချက်အစီရင်ခံစာသည် အခြေအနေကို ရှင်းလင်းစွာတင်ပြထားကြောင်း တွေ့ရှိရသဖြင့် မြန်မာနိုင်ငံရှိ မျိုးဆက်ပွား ကျန်းမာရေး၊ လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုနှင့် ကျားမတန်းတူညီမျှရှိရေး ကိစ္စများနှင့်ပတ်သက်၍ မူဝါဒရေးဆွဲချမှတ်သူများအနေဖြင့် ရှေ့လာမည့် နှစ်များအတွက် ဖွံ့ဖြိုးမှုအစီအစဉ်များ ရေးဆွဲရာတွင် ထည့်သွင်းအသုံးချလိမ့်မည်ဟု မျှော်လင့်ရပါသည်။ ဤအစီရင်ခံစာကို ၂၀၁၃ခုနှစ် နှစ်ဆန်းပိုင်းတွင် ကုလသမဂ္ဂလူဦးရေရန် ပုံငွေအဖွဲ့၊ မြန်မာနိုင်ငံ၏ အင်တာနက်ဝက်ဆိုက်၌ ရရှိနိုင်ပါသည်။

# ကျန်းမာရေးနှင့်ညီညွတ်သော ရွေးချယ်မှုများအတွက် လူငယ်ပညာပေးဇာတ်လမ်း

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် မြန်မာနိုင်ငံဆရာဝန်အသင်းတို့သည် ဂျာမဏီနိုင်ငံအစိုးရ၏ အကူအညီဖြင့် 'ဆယ်ကျော်သက် မျိုးဆက်ပွားကျန်းမာရေးနှင့် အိတ်ချ်အိုင်ဗွီသတင်းအချက်အလက်များအား တက္ကသိုလ်ကျောင်းသားကျောင်းသူများ တိုးတက်သိရှိစေရေး' စီမံချက် (Promotiong Access to Sexual and Reproductive Health (ASRH) and HIV Information by University Students) ကိုအကောင်အထည်ဖော်လျက်ရှိရာ ထိုစီမံချက်တွင် ပါဝင်ဆောင်ရွက်နေသော မြန်မာနိုင်ငံဆရာဝန်အသင်း၊ လူငယ်ဖွံ့ဖြိုးမှုအစီအစဉ်မှလူငယ်များသည် သက်ရွယ်ဆင့်တူပညာပေးလုပ်ငန်းများ၊ မီဒီယာ၊ အရေးပေါ်တယ်လီဖုန်းလိုင်းများနှင့် အင်တာနက်ဝက်ဆိုက်များကို အသုံးပြု၍လူငယ်များအကြား ကျန်းမာရေးနှင့်ညီညွတ်သော ရွေးချယ်မှုများကို ပြုလုပ်နိုင်ရန်အတွက် သတင်းအချက်အလက်များကို ဖြန့်ဝေပေးနေပါသည်။

လူငယ်ဖွံ့ဖြိုးမှုအစီအစဉ်မှလူငယ်များသည်လူငယ်များ သိရှိရန်လိုအပ်သည့် အိတ်ချ်အိုင်ဗီ၊ အေအိုင်ဒီအက်စ်၊ လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာသတင်းအချက်အလက်များကို ဖြန့်ဝေပေးရန် ရည်ရွယ်ချက်ဖြင့် 'ပန်းပင်ကိုပျိုး ပန်းမိုးရွာစေ' ဟူသောပညာပေးဇာတ်လမ်းရုပ်ရှင်ကားတစ်ကားကိုရိုက်ကူးထုတ်လုပ်ခဲ့ပါသည်။ ထိုဇာတ်ကားတွင် ဆယ်ကျော်သက် ကျန်းမာရေးပြဿနာများ၊ အထူးသဖြင့် မလိုလားအပ်သောကိုယ်ဝန်နှင့် အိတ်ချ်အိုင်ဗီကူးစက်ခံရခြင်းများကို အထူးအလေးပေးတင်ပြထားပါသည်။ လူတစ်ဦး၏ဘဝတိုးတက်ကောင်းမွန်စေရေးအတွက် မှန်ကန်သောဆုံးဖြတ်ချက်များချမှတ် နိုင်ရန်အရေးကြီးပုံကိုဆုံးဖြတ်ချက်မှန်ကန်မှသာ ပန်းကလေးတစ်ပွင့်ကို အစွမ်းကုန်ဖူးပွင့်လာအောင် ပြုစုပျိုးထောင်နိုင်ပုံနှင့် နှိုင်းယှဉ်တင်ပြထားပါသည်။ ဤဇာတ်ကားက အဓိကပေးလိုသော သတင်းစကားမှာ ယနေ့ခေတ်လူငယ်များ ၎င်းတို့၏ ရည်မှန်းချက်ပန်းတိုင်များကို ဆုပ်ကိုင်နိုင်ခြင်းရှိ၊ မရှိ ဆိုသည်မှာ ၎င်းတို့ချမှတ်သည့် ဆုံးဖြတ်ချက်များနှင့်ရွေးချယ်မှုများပေါ်တွင် အဓိက မူတည်နေသည်ဟူသော အချက်ဖြစ်ပါသည်။

ထိုရုပ်ရှင်ဇာတ်ကားကို ဂျန်းရှင်းစကွဲယား (Junction Square), ဂျန်းရှင်းမော်တင် (Junction Mawtin)နှင့် တော်ဝင်စင်တာ(Taw Win Centre) အပါအဝင် ရန်ကုန်မြို့ရှိရုပ်ရှင်ရုံအချို့တွင် ဇွန်လ ၁၅ရက်၊ ၁၉ရက်နှင့် ၂၀ရက်နေ့များတွင် အခမဲ့ပြသခဲ့ပါသည်။ ထို့နောက် ပြည်တွင်းရှိတီဗီလိုင်းအချို့မှ တစ်နိုင်ငံလုံးသို့ လွှင့်ထုတ်ပြသခဲ့ပါသည်။ ထို့ပြင် ပြည်တွင်းထုတ်ဂျာနယ်အချို့နှင့်နိုင်ငံပိုင် 'ကြေးမုံ' သတင်းစာတို့တွင် ကျယ်ကျယ်ပြန့်ပြန့် ကြော်ငြာခဲ့သည့်အပြင် ပညာပေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်ဒီဗီဒီခွေအဖြစ်လည်း ထုတ်ဝေခဲ့ပါသည်။ 'ဤရုပ်ရှင်ဇာတ်ကားသည် အနုပညာအရည်အသွေး ပြည့်ဝပြီး ဆန်းသစ်တီထွင်မှုများနှင့်ရိုက်ကူးထားသည့်အတွက် လူငယ်များအားလုံး ကြည့်ရှုသင့်ပြီး သင်ခန်းစာရယူသင့်သည့် ဇာတ်ကားကောင်း တစ်ခုဖြစ်သည်' ဟု မြန်မာတိုင်းစ်သတင်းစာက မှတ်ချက်ပေးထားပါသည်။

ရုပ်ရှင်ပြသပြီးချိန်တွင် လူငယ်ပရိသတ်များကို မေးခွန်းလွှာများအား ဖြန့်ဝေပေးပြီး ထိုဇာတ်ကားထဲမှ လူငယ်ကဲ့သို့ ကျန်းမာရေးပြဿနာများကို ရင်ဆိုင်ရပါက မည်သို့ဖြေရှင်းဆောင်ရွက်မည်ဆိုသည်ကို ဖြေကြားစေပြီး အကောင်းဆုံးဖြေကြားပေးနိုင်သူ ၁၀ဦးအား ဆုများချီးမြှင့်ပေးအပ်ခဲ့ပါသည်။ ထိုရုပ်ရှင်ဇာတ်ကားအပြင် ထိုစီမံချက်မှ တယ်လီဖုန်းလိုင်းနှစ်လိုင်း (ယောကျ်ားလေးများအတွက် အဖြူရောင်လိုင်းနှင့် မိန်းကလေးများအတွက် ပန်းရောင်လိုင်းဟု သတ်မှတ်) ထားရှိကာလူငယ်များအတွက် လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ မှန်ကန်သည့်သတင်းအချက်အလက်များပေးခြင်း၊ နှစ်သိမ့်ဆွေးနွေးပညာပေးခြင်း၊ လိုအပ်ပါကကျန်းမာရေးဌာနများသို့ ညွှန်းပို့ကာ စောင့်ရှောက်မှုများကို ရယူစေခြင်းတို့ကိုဆောင်ရွက်ပေးလျက်ရှိပါသည်။

ဤစီမံချက်သည် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ အကူအညီပေးရေးအစီအစဉ် (၂၀၁၂-၂၀၁၅)၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ထိုအကူအညီပေးရေးအစီအစဉ်တွင် လူငယ်များ၏ လိင်မှုဆိုင်ရာနှင့်မျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာသတင်းအချက်အလက်၊ ပညာပေးခြင်း၊ ဆက်သွယ်ခြင်းနှင့် ဝန်ဆောင်စောင့်ရှောက်မှု လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် ဦးစားပေးလုပ်ငန်းအဖြစ်ထည့်သွင်းရေးဆွဲထားပါသည်။ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့သည်ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုများကို လူငယ်များအဆင်ပြေလွယ်ကူစွာ ခံယူရရှိနိုင်ရန် လုပ်ငန်းလမ်းညွှန် စာအုပ်ဖြစ်မြောက်အောင် ပံ့ပိုးပေးမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင်အသက် ၁၀နှစ်မှ ၂၄နှစ်အတွင်းရှိလူငယ်များသည်လူဦးရေ ၏ သုံးဆယ်ရာခိုင်နှုန်းနီးပါးရှိပြီး တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအတွက် အလွန်ကြီးမားသော အင်အားစုများ ဖြစ်ပါသည်။ လူငယ်များ၏ မျိုးဆက်ပွားကျန်းမာရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးခြင်းသည် လူငယ်ထုဆိုင်ရာ နည်းဗျူဟာနှင့်ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်တွင် ပါဝင်ပြီးလူငယ်များ၏ဘဝ သာယာစိုပြေရေးနှင့် ၎င်းတို့၏အလားအလာကိုသိရှိ နားလည်စေရေးအတွက်လည်း အရေးကြီးသော ဆောင်ရွက်ချက်ပင်ဖြစ်သည်။



## ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပံ့ပိုးခြင်း

ရခိုင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် လတ်တလောလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန်အလို့ငှာ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့သည် ရခိုင်ပြည်နယ်အတွင်း အထူးသဖြင့် ဘူးသီးတောင်၊ မောင်တောနှင့် စစ်တွေမြို့နယ်များရှိ အမျိုးသမီးများ အထူးသဖြင့် အိုးမဲ့အိမ်မဲ့ဖြစ်သွားသူများ၊ ဒုက္ခသည်စခန်းများတွင်ရောက်ရှိနေသူများအား ဖြန့်ဝေပေးရန် မျိုးဆက်ပွားကျန်းမာရေးနှင့် အခြေခံအသုံးအဆောင်ပစ္စည်း အထုပ် ၂၀၀၀ ကို ၂၀၁၂-ခုနှစ် ဇွန်လ၁၅ ရက်နေ့က လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့ ပေးအပ်လှူဒါန်းခဲ့သည်။ အထုပ်တစ်ခုချင်းစီတွင် အမျိုးသမီးများကျန်းမာပျော်ရွှင်မှုနှင့်အရှက်လုံမှုနှင့် အရေးပေါ်အခြေအနေများအတွက် အခြေခံလိုအပ်ချက်များနှင့် ကိုက်ညီသည့် အမျိုးသမီးသုံး အသုံးဆောင်ပစ္စည်းများ ပါဝင်သည်။

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့သည် အဆိုပါအထုပ်ပေါင်း ၂၀၀၀ ကို ရခိုင်ပြည်နယ်အတွင်းရှိ ဒုက္ခသည် အမျိုးသမီးများအတွက် ပေးပို့နိုင်ရန် ၂၀၁၂-ခုနှစ် ဇွန်လ ၁၅ရက် နေ့က ရန်ကုန်တိုင်း မီးသတ်ဦးစီးဌာနသို့ ပေးပို့ခဲ့သည်။

ထို့ပြင် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့သည် ရခိုင်ပြည်နယ် ရသေ့တောင်နှင့် ဘူးသီးတောင်တောင်ပိုင်း ဒေသခံများအတွက် ဆေးဝါးပစ္စည်းများ ထောက်ပံ့နိုင်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုရရှိနိုင်ရေးတို့အတွက် ရွေ့လျားဆေးကုသအဖွဲ့(၅)ဖွဲ့ကို မြန်မာနိုင်ငံဆရာဝန်များအသင်းမှ ဆောင်ရွက်နိုင်ရန် ပံ့ပိုးပေးခဲ့သည်။ မြို့နယ်ကျန်းမာရေးတာဝန်ခံများ၏ ပံ့ပိုးမှုနှင့်အတူ မြန်မာနိုင်ငံဆရာဝန်များအသင်းသည် ဒေသခံဒုက္ခသည်များအတွက် ကိုယ်ဝန်ဆောင်ကျန်းမာရေး၊ မီးတွင်းမိခင်နှင့် မွေးကင်းစကလေးများ ကျန်းမာရေးအတွက် ပြုစုစောင့်ရှောက်ပေးခဲ့သည်။

ကိုယ်ဝန်ဆောင်အမျိုးသမီး ၄၀၀ ကို ပြုစုစောင့်ရှောက်ပေးနိုင်သည့် အရေးပေါ် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပစ္စည်းကိရိယာ (၆)လုံးကို ထောက်ပံ့ပေးခဲ့ပြီး၊ အမျိုးသမီး ၁၅၀၀ ကို သားဆက်ခြားနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့သည် မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုနှင့် ဆေးကုသမှုလုပ်ငန်းများ ဒေသတွင်းဆောင်ရွက်နိုင်ရန် ရွေ့လျားဆေးကုအဖွဲ့အတွက် ဆရာဝန်(၂)ဦးနှင့် စီမံချက် လက်ထောက်တစ်ဦးကိုလည်း ပံ့ပိုးပေးခဲ့သည်။ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့သည် ကျန်းမာရေးဦးစီးဌာနအောက်ရှိ မြို့နယ်ဆေးကုသမှုအဖွဲ့များနှင့်အတူ ကိုယ်ဝန်ဆောင်ကျန်းမာရေး၊ မီးတွင်းမိခင်နှင့် မွေးကင်းစကလေးပြုစုစောင့်ရှောက်ရေး၊ အမျိုးသမီးများ ကာကွယ်စောင့်ရှောက်ရေး၊ ကျား-မ အခြေခံအကြမ်းဖက်မှုများမှ တားဆီးကာကွယ်ရေးစသည့် လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ် ဒေသခံပြည်သူများအတွင်း ဇွန်လအစောပိုင်းက ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကြောင့် လူနေအိမ်ခြေ ၂၀၀၀ ကျော် မီးလောင်ပျက်စီးဆုံးရှုံးကာ လူဦးရေ ၃၇၀၀၀ ကျော် အိုးမဲ့အိမ်မဲ့ဖြစ်ပွားပြီးရွှေ့ပြောင်းနေထိုင်ရခြင်းများ အပါအဝင် သေဆုံးမှုများနှင့် အိုးအိမ်ပျက်စီး ဆုံးရှုံးမှုများ ပေါ်ပေါက်ခဲ့ရသည်။

## ကချင်ပြည်နယ်အတွင်း ရွှေ့ပြောင်းနေထိုင်နေရသည့် ဒုက္ခသည်များအတွက် လိုအပ်ချက်များ ဖြည့်ဆည်းပေးရေး

ကချင်ပြည်နယ်အတွင်း အပစ်အခတ်များရပ်စဲပြီး (၁၆)နှစ်ကျော်အကြာ တည်ငြိမ်အေးဆေးနေရာမှ ၂၀၁၁-ခုနှစ်၊ ဇွန်လ(၉) ရက်နေ့မှ စတင်လာသည့် တစ်ဖက်နှင့်တစ်ဖက်အပြန်အလှန် ပစ်ခတ်တိုက်ခိုက်မှုများကြောင့် နှစ်ဖက်ဒုက္ခသည်များ ရာပေါင်းများစွာသည် စစ်ဘေး အန္တရာယ်နှင့် ကြုံတွေ့ခဲ့ရပြီး လူပေါင်း ၈၀၀၀၀ ကျော်ခန့် အိုးအိမ်စည်းစိမ်များကိုစွန့်ခွာပြီး တရုတ်ပြည်နယ်စပ် ဒေသတစ်လျှောက်နှင့် မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်၊ မန်စီ၊ မိုးမောက်၊ ရွှေဂူမြို့နယ်များတစ်ဝိုက်တွင် စစ်ဘေးဒုက္ခသည် များအဖြစ် ရွှေ့ပြောင်းနေထိုင်ကြရသည်။

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့သည် ဂရုဏာလူမှုရေး ကူညီစောင့်ရှောက်မှုအသင်း(မြန်မာ)၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် ကချင်ပြည်နယ် ဗန်းမော်ခရိုင်အတွင်း ဆေးကုသမှုလုပ်ငန်းနှင့် ကိုယ်ဝန်ဆောင်မိခင်များ ပြုစုစောင့်ရှောက်ရေးစီမံချက် လုပ်ငန်းမှတစ်ဆင့် ၂၀၁၂-ခုနှစ်၊ ဇူလိုင်လမှ နိုဝင်ဘာလအထိ ကချင်ပြည်နယ်ရှိ စစ်ဘေးဒဏ်ခံ ဒုက္ခသည်ပြည်သူများကို ပံ့ပိုးကူညီခဲ့သည်။

ဂရုဏာလူမှုရေးကူညီဆောင်ရွက်မှုအဖွဲ့နှင့် ကချင်ခရစ်ယာန်ဘာသာရေးအသင်းအဖွဲ့များသည် လူသားချင်းစာနာထောက်ထားမှုနှင့် ကယ်ဆယ်ရေးလုပ်ငန်းများတွင် ကြီးမားကျယ်ပြန့်သည့်အတွေ့အကြုံများရှိပြီး ကချင်ပြည်နယ်အတွင်းရှိ စစ်ဘေးဒဏ်ခံနေရသည့် နေရာဒေသများနှင့် ဝေးလံခက်ခဲသည့် နေရာဒေသများတွင် လူမှုအကူအညီစောင့်ရှောက်ရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါသည်။ အဆိုပါ အဖွဲ့အစည်းများမှတစ်ဆင့် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့သည် ဗန်းမော်မြို့နယ်အတွင်း အစိုးရထိန်းချုပ်ဒေသနှင့် အစိုးရထိန်းချုပ်မှုမရှိသောဒေသအတွင်းရှိ ဒုက္ခသည်စခန်း ၁၄-ခုရှိ မျိုးဆက်ပွားနိုင်သည့် အသက်အရွယ်ရှိ အမျိုးသမီးများနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများအတွက် အမျိုးသမီးများ ကျန်းမာရေးနှင့် အခြေခံအသုံးအဆောင်ပစ္စည်း အထုပ် ၁၅၀၀ ကို ပံ့ပိုးကူညီခဲ့သည်။

ထို့ပြင် မြစ်ကြီးနားမြို့နယ်အတွင်းရှိ စစ်ဘေးဒဏ်ခံမိသားစုများအတွက် အမျိုးသမီးများကျန်းမာရေးနှင့် အခြေခံအသုံးအဆောင်ပစ္စည်း အထုပ် ၁၅၀၀ မဖြန့်ဝေမီနှင့် အရေးပေါ်မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပစ္စည်းကိရိယာ ၅ စုံကို မပံ့ပိုးမီ ဗန်းမော်မြို့နယ်အတွင်းရှိ ဒေသခံကျန်းမာရေးဝန်ထမ်းများနှင့် အခြားသောအဖွဲ့အစည်းများမှ လုပ်ငန်းနှင့်သက်ဆိုင်သည့်ဝန်ထမ်းများအား ဒေသတွင်း အခြေစိုက် လုပ်ဆောင်နေသည့် Medicine du Monde (MdM) နှင့် ပူးပေါင်း၍ မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှု၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ တစ်ကိုယ်ရေသန့်ရှင်းမှု၊ အမျိုးသမီးများအတွက် အရေးပေါ်ပြုစုစောင့်ရှောက်ရေးနှင့် ညွှန်းပို့ရေးဆိုင်ရာ သင်တန်းများကို ပို့ချပေးခဲ့သည်။ ဂရုဏာလူမှုရေးစောင့်ရှောက်မှုအသင်းသည် အမျိုးသမီးများ ကျန်းမာရေးဆိုင်ရာ အသုံးအဆောင်ပစ္စည်းများပါသည့် သေတ္တာ Dignity Kits သည် ဒုက္ခသည် စခန်းများရှိ အမျိုးသမီးများ တစ်ကိုယ်ရေသန့်ရှင်းရေး တိုးတက်ကောင်းမွန်ရေးအတွက် လွန်စွာအထောက်အကူပြုကြောင်း သတင်းပေးပို့ခဲ့သည်။



ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သော ပဋိပက္ခဒဏ်သင့် အမျိုးသမီးများအတွက် UNFPA မှ ထောက်ပံ့သည့် မျိုးဆက်ပွားကျန်းမာရေးနှင့် အခြေခံအသုံးအဆောင်ပစ္စည်းအထုပ် ၂၀၀၀ ကို လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှတဆင့် ပေးအပ်နိုင်ရန် ၂၀၁၂ ခုနှစ် ဇွန်လ ၁၅ ရက်နေ့ကရန်ကုန်မြို့တွင် ထရပ်ကားပေါ်သို့တင်နေစဉ်။



၂၀၁၂ ခုနှစ် စက်တင်ဘာလတွင် ဂရုဏာလူမှုရေးစောင့်ရှောက်မှုအသင်း (KMSS) ၏ ပူးပေါင်းပါဝင်ကူညီမှုဖြင့် ကချင်ပြည်နယ် မန်စီမြို့နယ် နမ်တင်လရွာမှ ရပ်ရွာခေါင်းဆောင်များက ဒေသတွင်းရွှေ့ပြောင်းခံရသူ အမျိုးသမီးများအတွက် UNFPA မှပံ့ပိုးသော မျိုးဆက်ပွားကျန်းမာရေးနှင့် အခြေခံအသုံးအဆောင်ပစ္စည်းအထုပ်များကို လက်ခံရယူအပြီးတွေ့ရစဉ်။

©KMSS

# ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နိုင်ရေးအတွက် မြန်မာလွှတ်တော်ကိုယ်စားလှယ်များ ပံ့ပိုးမှုရယူ

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ မြန်မာနိုင်ငံရုံးသည် အာရှဒေသနိုင်ငံလွှတ်တော်များတွင် လူဦးရေ၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် နီးနွယ်ရာကဏ္ဍနယ်ပယ်များတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် အကျိုးတူဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်လာစေရေးဟူသော ရည်မှန်းချက်ဖြင့် လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာရှဒေသဆိုင်ရာဖိုရမ် (AFPPD) နှင့်ပူးပေါင်း၍ မြန်မာနိုင်ငံလွှတ်တော် ကိုယ်စားလှယ်များအနေနှင့် မျိုးဆက်ပွား ကျန်းမာရေး၊ အေအိုင်ဒီအက်စ်ရောဂါနှင့် ကျား-မ ဆိုင်ရာကိစ္စရပ်များကို နားလည်သဘောပေါက်လာစေရုံသာမက မြန်မာနိုင်ငံဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွင်းဆက်များအဖြစ် ပိုမိုအလေးထား ဆောင်ရွက်လာစေရေးအတွက် ပံ့ပိုးကူညီပေးလျက်ရှိသည်။


လွှတ်တော်လူဦးရေနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီရုံးနေပြည်တော်ရှိ UNFPA မှ ပံ့ပိုးသော စာကြည့်တိုက်ကို ၂၀၁၂ ခုနှစ် ဩဂုတ်လ (၂၈) ရက်နေ့က ကုလသမဂ္ဂလူဦးရေပုံငွေအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဘာဘာတွန်ဒေးအိုဆိုတီမေဟင် မှ ဖွင့်လှစ်ပေးစဉ်။

လွှတ်တော်လူဦးရေနှင့်လူမှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီနှင့် အမျိုးသားအဆင့် လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်ရေးကော်မရှင်ကို ၂၀၁၁-ခုနှစ်က ဖွဲ့စည်းခဲ့ပြီး ယင်းတွင် နိုင်ငံရေးပါတီအသီးသီးနှင့် တိုင်းရင်းသားမျိုးနွယ်စုများမှ ဥပဒေပြုရေးဆွဲသူများ ပါဝင်ပါသည်။ နိုင်ငံကိုယ်စားပြု အဖွဲ့အစည်း (၂)ရပ်သည် ဖွံ့ဖြိုးတိုးတက်ရေး၊ အကောင်အထည်ဖော်ဆောင်ရွက်ရေးနှင့် လူဦးရေဆိုင်ရာ မူဝါဒများနှင့် အညီ ရှိစေရေးတို့အတွက် အပြန်အလှန် ပြောဆိုညှိနှိုင်း ဆွေးနွေးမှုများကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ခဲ့ကြသည်။ ရေရှည်တည်တံ့ခိုင်မြဲသည့် ဖွံ့ဖြိုးတိုးတက်မှုသည် လူဦးရေနှင့်ပတ်ဝန်းကျင်ဆိုင်ရာ အကြောင်းအရာများနှင့် အပြန်အလှန်ဆက်နွယ်မှု ရှိနေကြောင်းကို လွှတ်တော်ကိုယ်စားလှယ်များနှင့် မဲဆန္ဒရှင်များအကြား နားလည်သဘောပေါက်ရေးကို ရှေးရှုဆောင်ရွက်လျက်ရှိသည်။

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့သည် လွှတ်တော်စာကြည့်တိုက် ဖြစ်မြောက်ရေးအတွက် မျိုးဆက်ပွား ကျန်းမာရေး၊ အိပ်ချ်အိုင်ဗွီ/အေအိုင်ဒီအက်စ်ရောဂါ၊ ကိုယ်ဝန်ဆောင်မိခင်ကျန်းမာရေး၊ လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်မှုများအပြင် အခြားနီးနွယ်သော အကြောင်းအရာများပါသည့် စာအုပ် ၁၆၂ အုပ်နှင့် ဂျာနယ်စာစောင်များ ပံ့ပိုးပေးခဲ့သည်။ စာကြည့်တိုက်အတွက် လိုအပ်သည့် ပရိဘောဂနှင့် အခြားသောပစ္စည်းကိရိယာများကိုလည်း ပံ့ပိုးပေးခဲ့သည်။ စာကြည့်တိုက်ကို ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး ဒေါက်တာဘာဘာတွန်ဒေးအိုဆိုတီမေဟင် ကိုယ်တိုင် လွှတ်တော်လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီရုံးခန်းမတွင် ၂၀၁၂-ခုနှစ် ဩဂုတ်လ ၂၉-ရက် နေ့က တရားဝင်ဖွင့်လှစ်ပေးခဲ့သည်။

မြန်မာနိုင်ငံလွှတ်တော်ကိုယ်စားလှယ်များအား အရည်အသွေးမြှင့်တင်ရေး၊ ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့သည် လွှတ်တော်ရေးရာကော်မတီများ အတွက် ကျွမ်းကျင်မှုနည်းပညာများ အထောက်အကူပေးခြင်း၊ မူဝါဒဆိုင်ရာအကြံပြုခြင်းများအပြင် အစည်းအဝေးပွဲများ၊ ဆွေးနွေးပွဲများနှင့် လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာရှဒေသဆိုင်ရာဖိုရမ် (AFPPD) က ဦးစီးကျင်းပသည့် ဆွေးနွေးပွဲများတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ ပူးပေါင်းပါဝင်နိုင်ရေးအတွက်လည်း ပံ့ပိုးမှုများ ဆောင်ရွက်ခဲ့သည်။ အချို့သောဆွေးနွေးပွဲများမှာ-

> ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ၂၀၁၂-ခုနှစ် ဧပြီလ(၂၁)ရက်နှင့် (၂၂)ရက်များက အိပ်ချ်အိုင်ဗွီ / အေအိုင်ဒီအက်စ် ဥပဒေ ပြဋ္ဌာန်းရေးဆိုင်ရာ အင်ဒို-ချိုင်းနား ရည်မှန်းအုပ်စု ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပပြုလုပ်ခဲ့သည်။ ဆွေးနွေးပွဲသို့ လွှတ်တော်လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွင်းရေးမှူး ဦးမြင့်သူဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ဝင်(၄)ဦး တက်ရောက်ခဲ့သည်။



၂၀၁၂ ခုနှစ် မေလ ၂၄ - ၂၅ ရက်နေ့များက တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ကျင်းပပြုလုပ်သော ၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်ရေးညီလာခံ ICPD ၏ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ ပဥ္စမအကြိမ် အပြည်ပြည်ဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များညီလာခံသို့တက်ရောက်ခဲ့သောမြန်မာပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဆွေ(အလယ်) နှင့်အတူ ဒေါက်တာစုစုလှိုင်၊ ဒေါက်တာနေလင်း တို့ကို တွေ့မြင်ရစဉ်။

လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အာရှဒေသဆိုင်ရာဖိုရမ် (AFPPD) က ဦးစီးကျင်းပသည့် ၂၀၁၂ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်ရေးညီလာခံ ICPD ၏ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ဆောင်ရွက်ရေးဆိုင်ရာ ပဥ္စမအကြိမ်အပြည်ပြည်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်များ ညီလာခံတစ်ရပ်ကို ၂၀၁၂-ခုနှစ် မေလ (၂၄)နှင့်(၂၅)ရက်နေ့များက တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည်။ ညီလာခံသို့ ပြည်သူ့လွှတ်တော် လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဆွေဦးဆောင်သော မြန်မာကိုယ်စားလှယ်တို့ တက်ရောက်ခဲ့ကြသည်။ အာရှ-ပစိဖိတ် ၂၂ နိုင်ငံကို ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ် ၅၆-ဦးတို့လည်း ပါဝင်တက်ရောက်ခဲ့ကြသည်။ ညီလာခံကြီးသည် ကမ္ဘာ့နိုင်ငံ အသီးသီး၏ လွှတ်တော်များအကြား စုစည်းညီညွတ်မှုရှိကြောင်း ဖော်ထုတ်ပြသရာရောက်သလို ICPD အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်ရေးညီလာခံကြီး၏ လုပ်ငန်းစဉ်များ ပြီးမြောက်အောင်မြင်ရေးအတွက် ၎င်းတို့၏ ပံ့ပိုးမှုကို ပြန်လည်ဖော်ထုတ်ပြသနေပေသည်။ အစ္စတန်ဘူလ် သဘောတူညီမှုဆိုင်ရာကြေညာချက်မှတစ်ဆင့် လွှတ်တော်ကိုယ်စားလှယ်များသည် အပြည်ပြည်ဆိုင်ရာ လူဦးရေနှင့် ဖွံ့ဖြိုးတိုးတက်ရေး ညီလာခံကြီး ICPD လုပ်ငန်းစဉ်များ ပြီးမြောက်အောင်မြင်ရေးအတွက် လိုအပ်သော စွမ်းအားအရင်းအမြစ်များ စည်းရုံးလှုံ့ဆော်ရန်နှင့် လွှတ်တော်၏ ပါဝင်ဆောင်ရွက်မည့် အခန်းကဏ္ဍကို မြှင့်တင်ရန် ကတိကဝတ်များကို ခိုင်ခိုင်မာမာ ပြန်လည်ချမှတ်ခဲ့ ကြပါသည်။

လူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်ရေး အာရှ-ပစိဖိတ်ဒေသဆိုင်ရာဖိုရမ် (AFPPD) အဖြစ် စီမံကိန်းများ အသွင်ကူးပြောင်းပြီးနောက် (၁၀) ကြိမ်မြောက် အထွေထွေညီလာခံကြီးကို ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ၂၀၁၂-ခုနှစ် အောက်တိုဘာ (၂၄) မှ (၂၆) ရက်နေ့အထိ ကျင်းပပြုလုပ်ခဲ့ရာ ကျန်းမာရေး အဆင့်မြှင့်တင်ရေးကော်မတီမှ လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာနေလင်း တက်ရောက်ခဲ့ သည်။ အဆိုပါညီလာခံသို့ အာရှ-ပစိဖိတ်ဒေသတွင်းရှိ နိုင်ငံပေါင်း ၂၅ နိုင်ငံမှ ကိုယ်စားလှယ်များလည်း တက်ရောက်ခဲ့ကြပြီး ၂၀၁၄-ခုနှစ်လွန် အပြည်ပြည်ဆိုင်ရာလူဦးရေနှင့်ဖွံ့ဖြိုးတိုးတက်ရေးညီလာခံ ICPD လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရာတွင် လွှတ်တော်ကိုယ်စားလှယ်များ၏ အခန်းကဏ္ဍများကို ပြန်လည်သုံးသပ် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

# PSI နှင့်ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့တို့ပူးပေါင်း၍ အရေးပေါ်တယ်လီဖုန်းထူထောင်

ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် အပြည်ပြည်ဆိုင်ရာလူထုရေးဝန်ဆောင်မှုအဖွဲ့ (PSI)တို့သည် မြန်မာနိုင်ငံရှိ အမျိုးသမီးများ၊ အမျိုးသားများ၊ လူငယ်များနှင့်အန္တရာယ်ကျရောက်နိုင်ခြေအရှိဆုံး လူအုပ်စုများအတွက် လိင်မှုဆိုင်ရာနှင့် မျိုးဆက်ပွားကျန်းမာရေး ဆေးဝါးပစ္စည်းနှင့် စောင့်ရှောက်မှုများကို လက်လှမ်းမီရရှိအသုံးပြုနိုင်ရန် အတူတကွ လက်တွဲဆောင်ရွက်ခဲ့ကြပါသည်။ မကြာသေးမီက ပီအက်စ်အိုင်မှ အကောင်အထည်ဖော်ခဲ့သည့် နည်းလမ်းတစ်ခုမှာ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များကို ဆက်သွယ်မေးမြန်းနိုင်သော တယ်လီဖုန်းလိုင်းတစ်လိုင်းကို စတင်ခဲ့ခြင်းဖြစ်သည်။ မျိုးဆက်ပွားနိုင်သော အသက်အရွယ်အတွင်းရှိ အမျိုးသမီးများအား သားဆက်ခြားခြင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးပညာပေးရန်နှင့် အခြားသောမျိုးဆက်ပွား ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်များပေးရန်ဖြစ်သည်။

ပီအက်စ်အိုင်၏ နည်းလမ်းသည်အစပိုင်းတွင် အရှိန်နှေးကွေးခဲ့သော်လည်း အချိန်တိုအတွင်း အလွန်ကြီးမားသည့်အောင်မြင်မှုများ ရရှိခဲ့ပါသည်။ ၂၀၁၁ ခုနှစ် စက်တင်ဘာလမှ ၂၀၁၂ခုနှစ် ဇူလိုင်လအတွင်း တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းမှုပေါင်း တစ်လလျှင်ပျမ်းမျှ ၁၆ခု လက်ခံရရှိခဲ့သည်။ ၂၀၁၂ခုနှစ် ဩဂုတ်လမှစတင်၍ ရုပ်မြင်သံကြားနှင့် ရေဒီယိုတွင်ထိုတယ်လီဖုန်းလိုင်းအကြောင်းအများသိစေရန် လွှင့်ထုတ်ပေးပြီးနောက်တွင် ဆက်သွယ်မေးမြန်းမှုများများစွာတိုးတက်လာခဲ့ပါသည်။ ၂၀၁၂ခုနှစ် ဩဂုတ်လမှ ၂၀၁၂ခုနှစ် ဒီဇင်ဘာလအထိ ဖုန်းခေါ်ဆိုမှုပေါင်း ၃,၂၈၂ခု လက်ခံရရှိခဲ့ပါသည်။

ဆက်သွယ်မေးမြန်းသူများသည် သားအိမ်တွင်းထည့်သန္ဓေတားပစ္စည်းနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ပိုမိုစိတ်ဝင်စားကြသည်။ ၎င်းနှင့်ပတ်သက်သည့်ယေဘူယျသတင်းအချက်အလက်များ၊ သားအိမ်တွင်းပစ္စည်းထည့်ပြီးနောက်ပိုင်း ကြုံတွေ့ရသည့်တစ်ဦးချင်းစီ၏ အတွေ့အကြုံအချက်အလက်များ၊ ဝန်ဆောင်မှုရနိုင်သည့် နေရာဌာနများနှင့် သက်ဆိုင်သည့် အသေးစိတ်အချက်အလက်များကို မေးမြန်းကြခြင်းဖြစ်ပါသည်။ ထိုတယ်လီဖုန်းလိုင်းမှ ညွှန်းပို့ပေးမှုကြောင့် သားဖွားခန်းရှိသော မှတ်ပုံတင်ထားသည့် 'နေ'ဆေးခန်းများတွင် သန္ဓေတားပစ္စည်း သားအိမ်တွင်းထည့်သွင်းမှု ၄၄ခု ရှိခဲ့ပါသည်။

ပီအက်စ်အိုင်သည် ရွေးချယ်အသုံးပြုနိုင်သော သားဆက်ခြားဆေးဝါးပစ္စည်းအမျိုးမျိုးနှင့် အသုံးပြုပုံနည်းလမ်းများဆိုင်ရာ အသိပညာဗဟုသုတများကို လူထုအား ဖြန့်ဝေပေးရန်နှင့်အန္တရာယ်ရှိသော ကိုယ်ဝန်ဖျက်ချမှုများကို လျှော့ချရန်အတွက် တယ်လီဖုန်းလိုင်းဝန်ဆောင်မှုကို ၂၀၁၃ခုနှစ်တွင်လည်း ဆက်လက်တိုးမြှင့်လုပ်ဆောင်သွားရန် စီစဉ်လျက်ရှိပါသည်။






RH Hotline Business Card

မြန်မာအမျိုးသမီးများ၏အရည်အသွေးမြင့်မားရေး၊ မိခင်ကျန်းမာရေးတိုးတက်ရေးနှင့် အိတ်ချ်အိုင်ဗွီ ကာကွယ်ရေးလုပ်ငန်းများလုပ်ဆောင်ရန် ဝိုင်းဝန်းကူညီခဲ့ကြသော အလှူရှင်များနှင့် မိတ်ဖက်အဖွဲ့အစည်းများအားလုံးကို ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့မှ ကျေးဇူးတင်ဂုဏ်ယူကြောင်း မှတ်တမ်းတင်အပ်ပါသည်။

## Non-governmental Organisations

Aide Médicale Internationale (AMI)
Association François Xavier Bagnoud (AFXB)
Gender Equality Network
HelpAge International (Myanmar)
Japanese Organisation for International Cooperation in Family Planning (JOICFP)
Karuna Myanmar Social Services (KMSS)
Marie Stopes International (MSI)
Médecins du Monde (MDM)
Myanmar Anti-Narcotics Association (MANA)
Myanmar Maternal and Child Welfare Association (MMCWA)
Myanmar Medical Association (MMA)
Myanmar Nurse and Midwife Association (MNMA)
Myanmar Red Cross Society (MRCS)
Population Services International (PSI)

## Partners in Government

Ministry of Education
Ministry of Health
Ministry of Immigration and Population
Ministry of National Planning and Economic Development
Ministry of Social Welfare, Relief and Resettlement
National Commission on Population and Development
Office of the Union Attorney General
Parliamentary Committee on Population and Social Development

## Donors

Asia Development Bank
Australian Government Overseas Aid Program
Department for International Development - United Kingdom
European Union
Japan International Cooperation Agency
Swedish International Development Cooperation Agency
The Government of Denmark
The Government of Germany
The Government of Norway
The World Bank
United States Agency for International Development

## Private Sector

The Republic of the Union of Myanmar Federation of Chamber of Commerce and Industry

UNFPA


ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့
ကုလသမဂ္ဂအဆောက်အဦး၊ အမှတ်၆၊ နတ်မောက်လမ်း၊
စာတိုက်သေတ္တာအမှတ်–၆၅၀
ရန်ကုန်၊ မြန်မာ
ဖုန်း – ၉၅(၁) ၅၄၆၃၀၉
ဖက်စ် – ၉၅(၁) ၅၄၆၀၂၉